ကာလေန ဓမ္မသဝန် ဇေတံ မင်္ဂလမုတ္တမံ၊ သင့်လျော်သောအခါ၌ တရားနာခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၇ ရက်၊ ၂၀၀၄ ခုနှစ်၊ မတ် ၂၇ ရက်၊ စနေနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၇၉)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သောနိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် (၅၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို ဖွင့်လှစ်သည့် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ Myanmar Convention Centre ဖွင့်ပွဲ အခမ်းအနားတွင် Myanmar Convention Centre ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

(၅၉)နှစ်မြောက်တပ်မတော်နေ့ကိုဂုဏ်ပြုကြိုဆို မြန်မာကွန်ဗင်းရှင်းစင်တာဖွင့်ပွဲကျင်းပ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်ချီးမြှင့်၍ ဆိုင်းဘုတ်ကိုစက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ရန်ကုန် မတ် ၂၆

(၅၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက တာဝန်ယူတည်ဆောက်ပြီးစီးသွားသော Myanmar Convention Centre ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ အဆိုပါ Myanmar Convention Centre၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ▼

ခေတ်အဆက်ဆက် ပြည်သူ့အတွက် တပ်မတော်

တပ်မတော်၏အစဉ်အလာ (၁၂) ရပ်

၁။ မျိုးချစ်တပ်မတော်ဖြစ်သည်။
၂။ စည်းကမ်းကောင်းသော တပ်မတော်ဖြစ်သည်။
၃။ သစ္စာရှိသော တပ်မတော် ဖြစ်သည်။
၄။ စည်းလုံးညီညွတ်သော တပ်မတော်ဖြစ်သည်။
၅။ စွမ်းရည်ရှိသော တပ်မတော်ဖြစ်သည်။
၆။ စွန့်လွှတ် စွန့်စားသော တပ်မတော်ဖြစ်သည်။
၇။ တစ်ဦးချင်း ကိုယ်ကျိုးကို ပဓာနမထားသော တပ်မတော်ဖြစ်သည်။
၈။ စိတ်ဓာတ် မြင့်မြတ်သော တပ်မတော်ဖြစ်သည်။
၉။ အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်သည့် ရဲစွမ်းသတ္တိရှိသော တပ်မတော်ဖြစ်သည်။
၁၀။ အပင်ပန်း အဆင်းရဲခံနိုင်သည့် တပ်မတော်ဖြစ်သည်။
၁၁။ ဌာ၊ လုံ့လ၊ ဝီရိယရှိသည့် တပ်မတော်ဖြစ်သည်။
၁၂။ ဒို့တာဝန်အရေးသုံးပါးကို အမြဲတမ်း ဦးထိပ်ပန်ဆင်သော တပ်မတော်ဖြစ်သည်။

(၅၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုအထူးကဏ္ဍများရည်ညွှန်းချက်

ယခင်က လုံခြုံမှုအားနည်းခဲ့သော ဒေသများတွင် တပ်မတော်၏ကြိုးပမ်းမှုကြောင့် နယ်မြေအေးချမ်းစ ပြုလာခဲ့ရာ ဒေသခံတိုင်းရင်းသား ညီအစ်ကိုခေါင်းဆောင်များနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တတ်နိုင်သမျှ အချိန်တိုအတွင်း မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ပေးခဲ့သည်။ ဒေသခံတိုင်းရင်းသားများကလည်း ဥစ္စာရင်လို ဥစ္စာရင်ခဲတက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ကြရသဖြင့် အောင်မြင်မှု အသီးအပွင့်များကိုလည်း အထင်အရှား မြင်တွေ့နေရပြီဖြစ်သည်။

★ လှထွန်း(တွံတေး)၏ **“ဒို့တာဝန်အရေးသုံးပါး အစဉ်ဦးထိပ်ထား”** ဆောင်းပါး — **စာမျက်နှာ (၈–၉)**
★ မန်းခင်ခင်၏ **“ပါရမီဖြည့်ဖက်များ၏ မေတ္တာတရား”** ဆောင်းပါး — **စာမျက်နှာ (၁၅)**
★ **“တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများ လက်တွဲ၍ ဆောင်ရွက်ခဲ့သည့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ”** ဓာတ်ပုံမှတ်တမ်း — **စာမျက်နှာ (၇)**
★ ကျော်စောဟန်၏ **“တပ်မတော်၏အတိတ် ပစ္စုပ္ပန် အနာဂတ်”** ကဗျာ — **စာမျက်နှာ (၂၀)**
★ ဗလမင်းထင်၏ **“ဘူမိနက်သန်အောင်ပွဲခံ”** ကဗျာ — **စာမျက်နှာ (၁၀)**
★ လှထွဋ်ဦး၏ **“အပြောမဟုတ် အလုပ်နဲ့သက်သေပြနေ”** ကာတွန်း — **စာမျက်နှာ (၁၀)**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

27-3 mmal 1 3/24/05, 11:02 PM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ မတ်လ ၂၇ ရက်)

တပ်မတော်၏ အစဉ်အလာကောင်း ဆက်လက်ထိန်းသိမ်း ပြည်သူ့ရှေ့က အစဉ်ထာဝရ မားမားမတ်မတ်ရပ်တည်

ယနေ့ ၂၀၀၄ ခုနှစ် မတ်လ ၂၇ရက်နေ့သည် (၅၉)နှစ်မြောက် တပ်မတော်နေ့ဖြစ်သည်။

မြန်မာ့တပ်မတော်သည် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲရင်း အမျိုးသားလွတ်မြောက်ရေးအတွက် ဆောင်ရွက်ခဲ့ရာတွင် အဓိကအခန်းမှ ပါဝင်ခဲ့သည်။ မြန်မာနိုင်ငံအတွက် သမိုင်းပေးလိုအပ်ချက်အရ ပေါ်ပေါက်လာခဲ့ရသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။

၁၉၄၅ ခုနှစ် မတ်လ ၂၇ရက်နေ့တွင် တပ်မတော်သည် မြန်မာ့သမိုင်းတွင် မော်ကွန်းတင်ထားရသည့် ဖက်ဆစ်တော်လှန်ရေးကို ပြည်သူလူထုနှင့်အတူ ပူးပေါင်းဆင်နွှဲခဲ့သည်။

ဘီအိုင်အေ၊ ဘီဒီအေ၊ ပီဘီအက်ဖ် စသည်ဖြင့်ဖွဲ့စည်းလာခဲ့သည့် တပ်မတော်သည် စနစ်တကျဖွဲ့စည်းမှု၊ စနစ်တကျလေ့ကျင့်မှုနှင့် ပြည့်ဝလာပြီး ရန်သူကိုရင်ဆိုင်ယှဉ်ပြိုင် တိုက်ခိုက်နိုင်သောအဆင့်သို့ ရောက်ရှိခဲ့သည်။ မြန်မာတစ်မျိုးသားလုံးကို စည်းရုံးကိုယ်စားပြုနိုင်သောအဆင့်တွင် ရပ်တည်နိုင်ခဲ့သည်။ ဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲသည့်အချိန်မှစ၍ တပ်မတော်သည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုသည့် အမျိုးသားတပ်မတော်အသွင် တိုးတက်ပြောင်းလဲရောက်ရှိခဲ့သည်။

တပ်မတော်သည် ပြည်သူလူထုနှင့် တစ်ဆက်တည်းရှိနေပြီး ပြည်သူလူထု၏ အပြည့်အဝထောက်ခံမှုကို ရရှိနေသည့်အတွက် ပြည်သူ့တပ်မတော်အသွင် ဖြစ်ပေါ်ခဲ့သည်။ တပ်မတော်သည် ကိုယ်ပိုင်ယုံကြည်ချက်၊ ခံယူချက်ပြည့်ဝစွာဖြင့် ၁၉၄၅ခုနှစ် မတ်လ ၂၇ရက်နေ့တွင် ဖက်ဆစ်တော်လှန်ရေးကို အောင်မြင်စွာ ဆင်နွှဲနိုင်ခဲ့ပေသည်။

မြန်မာ့တပ်မတော်သည် မျိုးချစ်တပ်မတော်၊ စည်းကမ်းကောင်းသည့်တပ်မတော်၊ သစ္စာရှိသည့်တပ်မတော်၊ စည်းလုံးညီညွတ်သည့်တပ်မတော်၊ စွမ်းရည်ရှိသည့်တပ်မတော်၊ စွန့်လွှတ်စွန့်စားသည့် တပ်မတော်၊ တစ်ဦးချင်းကိုယ်ကျိုးကိုပဓာနမထားသည့်တပ်မတော်၊ စိတ်ဓာတ်မြင့်မြတ်သည့်တပ်မတော်၊ အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်ပြီး စွမ်းရည်သတ္တိရှိသည့်တပ်မတော်၊ အပင်ပန်းအဆင်းရဲခံနိုင်သည့်တပ်မတော်၊ ဇွဲ၊ လုံ့လ၊ ဝီရိယရှိသည့်တပ်မတော်၊ ဒို့တာဝန်အရေးသုံးပါးကို အမြဲတမ်းဦးထိပ်ပန်ဆင်သည့် တပ်မတော် စသည့် အစဉ်အလာကောင်း (၁၂)ရပ်နှင့်ပြည့်စုံသည့် တပ်မတော်ဖြစ်သည်။

တပ်မတော်သည် မျိုးချစ်စိတ်ဓာတ်အရင်းခံပြီး ပေါက်ဖွားလာသည့်တပ်မတော်ဖြစ်သည်။ လစာ၊ ရိက္ခာ စသည့် မည်သည့်အခွင့်အရေးကိုမျှ မမျှော်မှန်းခဲ့ဘဲ နိုင်ငံတော်ကို အသက်ပေးကာကွယ်စောင့်ရှောက်ခဲ့သည့် မျိုးချစ်တပ်မတော်ဖြစ်သည်။

တပ်မတော်သည် စည်းကမ်းကောင်းသည့် တပ်မတော်ဖြစ်သည်။ စစ်စည်းကမ်းကောင်းမွန်ရေးသည် တပ်မတော်၏ ကျောရိုးမဏ္ဍိုင်ပင်ဖြစ်သည်။ တပ်မတော်သည် စတင်တည်ထောင်ချိန်မှ ယနေ့အထိ စည်းကမ်းကောင်းခဲ့၍လည်း ခိုင်ခိုင်မာမာ ရပ်တည်နေနိုင်ခြင်းဖြစ်သည်။

တပ်မတော်သည် သစ္စာလေးချက်ကို ဦးထိပ်ပန်ဆင်ထားသည်။ တပ်မတော်သည် နိုင်ငံတော်နှင့် နိုင်ငံသားတို့သစ္စာကို မည်သည့်အခါမျှ မဖောက်ဖျက်ခဲ့ပေ။ တပ်မတော်သည် အမျိုးသားရေးကို ဘယ်တော့မှသစ္စာမဖောက် ဟူသည့် အချက်ပင်ဖြစ်သည်။ တပ်မတော်သားများသည် မိမိတို့နိုင်ငံတော်၊ မိမိတို့နိုင်ငံသား၊ မိမိတို့တပ်မတော်အတွက် မိမိတို့၏အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုထားကြသူများဖြစ်သည်။

တပ်မတော်သည် ပြည်သူလူထုနှင့်လက်တွဲပြီး လွတ်လပ်ရေးကို ရယူပေးနိုင်ခဲ့သည့်အပြင် ပြည်ပကျူးကျော်မှုများကိုလည်း စစ်ဆင်ရေးများဆင်နွှဲပြီး အမိမြေပေါ်က မောင်းထုတ်ပစ်နိုင်ခဲ့သည်။ ထို့အပြင် ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲသပ်လျှိုမှုစနက်ကြောင့် ပြည်တွင်းမငြိမ်မသက်မှုများ ဖြစ်ပေါ်ခဲ့သည်ကို နယ်စပ်ဒေသများပါမကျန် အေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးမှုရရှိစေရန် ကြိုးပမ်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

သို့ဖြစ်ရာ သမိုင်းကြောင်းကောင်းခဲ့သော တပ်မတော်သည် နိုင်ငံတော်၏ ပြည်တွင်းပြည်ပ အန္တရာယ်မှန်သမျှကို သမိုင်းခေတ်အဆက်ဆက်တွင် ပြည်သူ့ဘက်မှ ရပ်တည်ကာကွယ်နိုင်ခဲ့သည့် အလျောက် တပ်မတော်၏အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းရင်း ပြည်သူ့ရှေ့က အစဉ်ထာဝရ မားမားမတ်မတ်ရပ်တည်သွားမည်ဟု ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လှိုင်နှင့်တောင်ဥက္ကလာပမြို့နယ်များတွင် စံပြသမဝါယမအရောင်းဆိုင်ဖွင့်

ရန်ကုန် မတ် ၂၆

ရန်ကုန်တိုင်း လှိုင်မြို့နယ် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်း လီမိတက်၏ စံပြသမဝါယမ အရောင်းဆိုင်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၂ ရက် မွန်းလွဲ ၂နာရီက ရန်ကုန်အင်းစိန်လမ်းမကြီးပေါ်ရှိ လှိုင်ရတနာဈေးအတွင်း အဆိုပါသမဝါယမအသင်းဆိုင်တွင် ကျင်းပရာ သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦး တက်ရောက် အားပေးချီးမြှင့်သည်။

အစီအစဉ်အရ အသင်းဆိုင်ကို သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးစိုးဝင်း၊ ရန်ကုန်တိုင်း အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌ ဦးရဲအောင်နှင့် လှိုင်မြို့နယ် လှိုင်အထွေထွေစီးပွားရေး လုပ်ငန်း သမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ ဦးအေးကိုတို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးသည်။ ၎င်းနောက် ဝန်ကြီးနှင့် ဧည့်သည်တော်များက အသင်းဆိုင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

တောင်ဥက္ကလာပမြို့နယ်

အလားတူ တောင်ဥက္ကလာပမြို့နယ် သီတာဦးရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက်၏ စံပြသမဝါယမအရောင်းဆိုင်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၂ ရက် ညနေ ၃နာရီတွင် တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ဗြဟ္မစိုရ်လမ်းထောင့်ရှိ အဆိုပါအသင်းဆိုင်တွင် ကျင်းပရာ သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦး တက်ရောက် အားပေး ချီးမြှင့်သည်။

အဆိုပါ အသင်းဆိုင်ကို သမဝါယမဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးစိုးဝင်း၊ ရန်ကုန်တိုင်း အထွေထွေ စီးပွားရေးလုပ်ငန်းသမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးရဲအောင်နှင့် သီတာဦးရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက် ဥက္ကဋ္ဌ ဦးကျော်ဖြူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ၎င်းနောက် ဝန်ကြီးနှင့်ဧည့်သည်တော်များ အသင်းဆိုင် အတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်က ၂၀၀၂–၂၀၀၃ ပညာသင်နှစ် ထူးချွန်ကျောင်းသားကျောင်းသူများ ပညာသင်ထောက်ပံ့ငွေ ပေးအပ်ပွဲ အခမ်းအနားကို ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမတွင် မတ် ၂၄ရက်က ကျင်းပရာ ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင်ဗိုလ်မှူးကြီး တင်စိုးက ထူးချွန်ကျောင်းသားကျောင်းသူများအား ထောက်ပံ့ငွေများ ပေးအပ်စဉ်။ (က–ပ)

မိုးကုတ်ဝိပဿနာ ၁၀ ရက် စခန်းပွဲကြီး

ရန်ကုန် မတ် ၂၆

လှည်းကူးမြို့နယ် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၂၂၇) ၁၀ရက် တရားစခန်းတွင် မဟာကမ္မဋ္ဌာန စရိယ ဆရာတော်ကြီးက ကျေးဇူးဆပ် ပူဇော်မည့်ပွဲနှင့် မိုးကုတ်ဆရာတော်ကြီး၏ သစ္စာလေးပါး အလုပ်ပေးတရားတော်ကို ခန္ဓာဉာဏ်ရောက် သဘော ပေါက်အောင် ဟောကြားမည်ဖြစ်၍ တရားစခန်းဝင်မည့် ယောဂီများသည် (၁၃၆၅ ခုနှစ် တန်ခူးလပြည့်ကျော် ၃ရက်) ဧပြီ ၇ ရက်နံနက်အရောက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၂၂၇)ဥယျာဉ်ကျောင်းတိုက် အောင်မင်္ဂလာရပ်ကွက် လှည်းကူးမြို့သို့ ကြွရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

ဒုတိယဝန်ကြီး ဦးမောင်မောင်အား ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး လာရောက်တွေ့ဆုံ

ရန်ကုန် မတ် ၂၆

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. A. B.Manjoor Rahim သည် ယမန်နေ့ မွန်းလွဲ ၂ နာရီက ဝန်ကြီးများရုံးရှိ ဒုတိယဝန်ကြီး၏ဧည့်ခန်းမသို့လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာသို့ ဒုတိယဝန်ကြီး ဦးမောင်အောင်နှင့်အတူ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဌေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ Myanmar Convention Centre အတွင်း ကြည့်ရှုစဉ်။ **(သတင်းစဉ်)**

▼ **ရှေ့ဖုံးမှ**

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနမှူးများ၊ ဝန်ထမ်းများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဖွင့်ပွဲအစီအစဉ် ပထမပိုင်းကို အဝင်မုခ်ဦးရှေ့၌ စတင် ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ဖဲကြိုးဖြတ်၍ Myanmar Convention Centreကို ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စက်ခလုတ်နှိပ်၍ Myanmar Convention Centreဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။

ယင်းနောက်Myanmar Convention Centreဖွင့်ပွဲအစီအစဉ် ဒုတိယပိုင်းကို ခန်းမကြီးအတွင်း၌ ဆက်လက်ကျင်းပသည်။

လမ်းညွှန်ချမှတ်ပေး

အစီအစဉ်အရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌမြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက Myanmar Convention Centreနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရန်ကုန်မြို့တော်ကြီးကို နိုင်ငံတကာအဆင့်မီ မြို့တော်ကြီးများ၏ အင်္ဂါရပ်များနှင့်ပြည့်စုံစေရန်အတွက် အပြည်ပြည်ဆိုင်ရာ အထွေထွေသုံးခန်းမကြီးတစ်ခု တည်ဆောက်ရန် လမ်းညွှန်ချက် ချမှတ်ပေးခဲ့ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အပြည်ပြည်ဆိုင်ရာ အထွေထွေသုံးခန်းမကြီးတည်ဆောက်ရေးစီမံကိန်းကို မတ် ၂၄ ရက်တွင် ရတနာအုတ်မြစ်စီ အခမ်းအနားကျင်းပကာ စတင်အုတ်မြစ်ချခဲ့ပြီး ကန်ထရိုက်စနစ်ဖြင့် တည်ဆောက်ခဲ့ကြောင်း၊ အကြောင်းအမျိုးမျိုးတို့ကြောင့် လုပ်ငန်းစတင်ချိန်မှနှစ်နှစ်ခွဲကာလအတွင်း အကြမ်းထည်လုပ်ငန်းများ၏ ၈၅ ရာခိုင်နှုန်းသာ ပြီးစီးခဲ့ကြောင်း။

လုပ်ငန်းများမြန်ဆန်သွက်လက်စေရေးအတွက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံလမ်းညွှန်ချက်ခံယူ၍ ၂၀၀၃ခုနှစ် နိုဝင်ဘာလ ဒုတိယ အပတ်မှစတင်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ အင်ဂျင်နီယာများနှင့် အကြိုအင်ဂျင်နီယာလုပ်ငန်းများကိုစတင်ဆောင်ရွက်ခဲ့ကြောင်း၊အဆောက်အအုံ၏ ကျန်ရှိနေသော အကြမ်းထည်လုပ်ငန်းများ၊ အတွင်းပိုင်းပြင်ဆင်တည်ဆောက်ခြင်းလုပ်ငန်းများ၊ အဆောက်အအုံပြင်ပရှိ ဆောင်ရွက်ရမည့် လုပ်ငန်းများကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှစ၍ အရှိန်အဟုန်မြှင့် နေ့ည ဆောင်ရွက်ခဲ့သည့်အတွက်ယနေ့အချိန်အခါတွင် ဖွင့်ပွဲအခမ်းအနားကြီးကိုအောင်မြင်စွာ ကျင်းပနိုင်သည့်အဆင့်အထိရောက်ရှိခဲ့ပြီးဖြစ်ကြောင်း။

စိတ်နှလုံးချမ်းမြေ့နိုင်

ယခုမြန်မာကွန်ဗင်းရှင်းစင်တာ အဆောက်အအုံကြီး၏ အဝန်းအဝိုင်းမှာ ရှစ်ဧက ကျယ်ဝန်းပြီး ပင်မအဆောက်အအုံကြီး၏ အကျယ်အဝန်းမှာ ၁ ဒသမ ၁ဧကကျယ်ဝန်းကြောင်း၊ကျန်မြေ ၇ဒသမ ၉ဧကအတွင်းတွင် လာရောက်သည့် ဧည့်သည်တော်များအတွက် လူ၃၀၀ တစ်ပြိုင်တည်း တည်ခင်းနိုင်သော အဆင့်မီစားသောက်ဆိုင်တစ်ခုကို ထည့်သွင်းတည်ဆောက်ထားပြီး အားလုံးမြင်တွေ့နေရသည့်အတိုင်း သီးသန့်ယာဉ်ရပ်နားရန်နေရာများ၊လာရောက်သူများ စိတ်နှလုံးကြည်နူးချမ်းမြေ့စေရန်အတွက် ကျယ်ပြန့်သောမြက်ခင်းကြီးနှင့် သစ်ပင်ပန်းမန်များကိုလည်း စိုက်ပျိုးထားကြောင်း။

လူအင်အား၁၅၀၀တစ်ပြိုင်တည်းတက်နိုင်

ပင်မအဆောက်အအုံကြီး၏ မြေညီထပ်တွင် ၁၉၂ ပေ၊ ၁၂၈ ပေ အကျယ်ခန်းမကြီးတစ်ခု တည်ဆောက်ထားပြီး ၎င်းနှင့်လိုက်ဖက်သည့် ၆၄ ပေ အကျယ်ရှိ Stage တစ်ခုကိုပါ ထည့်သွင်းတည်ဆောက်ထားကြောင်း၊ ယင်းခန်းမကြီးမှာ ယခုအခမ်းအနားကျင်းပနေသည့် ခန်းမကြီးဖြစ်ပြီး လူအင်အား ၁၅၀၀ တစ်ပြိုင်တည်း တက်ရောက်အသုံးပြုနိုင်အောင် စီမံတည်ဆောက်ထားကြောင်း။

ခန်းမကြီး၏အပေါ်ထပ်ကိုပါ အသုံးပြုပါက လူအင်အား ၂၅၀၀ တစ်ပြိုင်တည်း တက်ရောက်နိုင်မှာဖြစ်ကြောင်း။

ထို့ပြင် နားနေခန်းများ၊ အစည်းအဝေးခန်းမများနှင့် အထူးဧည့်ခန်းမဆောင်တို့လည်း ပါဝင်ဖွဲ့စည်းတည်ဆောက်ထားကြောင်း။

အဆောက်အအုံ၏ပြင်ပတွင် မော်တော်ယာဉ်ငယ်အစီးပေါင်း ၅၀၀ခန့် ရပ်နားနိုင်သည့် ယာဉ်ရပ်ရန်နေရာထည့်သွင်းစီစဉ်ထားကြောင်း၊ ကျန်မြေဧရိယာ တော်တော်များများမှာ ဧည့်ခံပွဲအခမ်းအနားများ၊ ဖျော်ဖြေတင်ဆက်ရေး အစီအစဉ် များ ကျင်းပနိုင်ရန်အတွက် သပ်ရပ်ညီညာလှပသော မြက်ခင်းပြင်များ စီစဉ် စိုက်ပျိုးထားကြောင်း။

ဆွေးနွေးပွဲများလက်ခံ

ဤကဲ့သို့ နိုင်ငံတကာအဆင့်မီ လိုအပ်ချက်များကို ပြည့်စုံအောင်ဖြည့်ဆည်းတည်ဆောက်ထားသည့်အတွက် နိုင်ငံတကာအဆင့်မီ ညီလာခံများ၊ နိုင်ငံတကာအဆင့် ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများကိုလည်း ဤခန်းမကြီးမှာ လက်ခံကျင်းပ ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း။

ထို့ပြင် နိုင်ငံတကာအဆင့် ကုန်စည်ပြပွဲကိုလည်း အဆင့်မီမီလက်ခံကျင်းပနိုင်မှာဖြစ်ပြီး အဆောက်အအုံအတွင်းနှင့် အပြင်နေရာများမှာပါ ကုန်ပစ္စည်းများ၊မော်တော်ယာဉ်၊စက်ယန္တရားများကို ခင်းကျင်းပြသနိုင်သည့် အခြေအနေများကို ထည့်သွင်းတည်ဆောက်ထားကြောင်း။

မြို့တော်သူ မြို့တော်သားများ အေးချမ်းသာယာစွာ အပန်းဖြေနားနေနိုင်ရေးအတွက် တေးဂီတဖျော်ဖြေပွဲ အခမ်းအနားများ၊ ဧည့်ခံပွဲအခမ်းအနားများကိုလည်း In Door နှင့် Out Door ပုံစံနှစ်မျိုးလုံး ကျင်းပနိုင်အောင် လိုအပ်ချက်များ ဖြည့်ဆည်းထားကြောင်း။

သမိုင်းမှတ်တိုင်တစ်ခု

ဤမြန်မာကွန်ဗင်းရှင်းစင်တာ အဆောက်အအုံကြီးမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ပွဲဦးထွက်တည်ဆောက်ခဲ့သော ကြီးမားခံ့ထည်သည့် ခေတ်မီအဆောက်အအုံကြီးဖြစ်သည်နှင့်အညီ ဤမြန်မာကွန်ဗင်းရှင်းစင်တာကြီးမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွက် အစဉ် ထာဝရ ဂုဏ်ယူနေရမည့် သမိုင်းမှတ်တိုင်တစ်ခုအဖြစ်တည်ရှိနေတော့မည်ဖြစ်ကြောင်း။

မြန်မာကွန်ဗင်းရှင်းစင်တာကြီး ကို နိုင်ငံတကာအဆင့်မီ ခေတ်မီခံ့ညားထည်ဝါသည့် အဆောက်အအုံကြီးအဖြစ်ပေါ်ထွန်းလာစေရေးအတွက် အမြဲမပြတ် အနီးကပ်ကြီးကြပ်လမ်းညွှန်စောင့်ရှောက်ပေးခဲ့သော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါသည်ဟု တင်ပြလို ကြောင်း။

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ Myanmar Convention Centre အဆောက်အအုံကို တွေ့ရစဉ်။ **(သတင်းစဉ်)**

လိုက်နာအကောင်အထည်ဖော်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ရည်မှန်းချက်လုပ်ငန်းတာဝန်များအနေဖြင့် ရန်ကုန်မြို့တော်ကြီးကို စီးပွားကုန်သွယ်မှုလုပ်ငန်းများ၊ ငွေကြေးနှင့် ဘဏ်လုပ်ငန်းများ၊ ရုံးဌာနနှင့် စီမံခန့်ခွဲရေး လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ အခြေစိုက်နိုင်သော ခေတ်မီ မြို့တော်အင်္ဂါရပ်များနှင့် ညီညွတ်ပြီး သစ်လွင်တောက်ပ ကျက်သရေရှိသည့် နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် မြို့တော်ကြီးဖြစ်အောင် ဆောင်ရွက်ရန်၊ မြို့တော်နေပြည်သူများအတွက် ကျန်းမာရေးနှင့် ညီညွတ်ပြီး ကူးသန်းသွားလာရေး၊ ရောင်းဝယ်ဖောက်ကားရေး၊ အပန်းဖြေအနားယူရေးစသော လူမှုစီးပွားရေး လိုအပ်ချက်များကို အဘက်ဘက်က ဖြည့်ဆည်းနိုင်မည့် မြို့တော်ကြီးဖြစ်အောင်ဆောင်ရွက်ရန်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီသည် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍစုံတွင် အလွန်အရေးပါသော အဖွဲ့ အစည်း တစ်ရပ်ဖြစ်သည်ဟု တာဝန်ရှိသူအားလုံးက ခံယူပြီး ကော်မတီ၏ ရည်မှန်းချက်တာဝန်များ အောင်မြင်အောင် ကြိုးပမ်း ဆောင်ရွက်သွားရန်ဆိုသည့် ရည်မှန်းချက်တာဝန်များကိုလည်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့်လိုက်နာအကောင်အထည်ဖော်လျက်ရှိပါကြောင်း။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သော မြန်မာကွန်ဗင်းရှင်းစင်တာ အဆောက်အအုံကြီး အောင်မြင်ချောမွေ့စွာ တည်ဆောက်ပြီးစီးရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းလိုအပ်ချက်များ၊ မူဝါဒဆိုင်ရာ ဆောင်ရွက်ချက်များကို ကိုယ်တိုင်စစ်ဆေးကြပ်မတ်ခြင်း၊လမ်းညွှန်မှုချမှတ်ပေးခဲ့သောနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား အမှူးပြု၍အဘက်ဘက်ကပံ့ပိုးကူညီပေးခဲ့သည့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် Myanmar Convention Centre ရှိ ခန်းမကြီးနှင့် အရန်အစည်းအဝေးခန်းများကိုလှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)



မန္တလေးတိုင်းသံဃနာယကအဖွဲ့(ရွှေကျင်)ဥက္ကဋ္ဌဆရာတော်ပေးအပ်ထားသောရွှေဟောင်းဗုဒ္ဓဆင်းတုတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့လွှဲပြောင်းပေးအပ်

ရန်ကုန် မတ် ၂၆

နိုင်ငံတော်ဝန်ကြီးချုပ်ထံ မန္တလေးတိုင်း သံဃနာယကအဖွဲ့(ရွှေကျင်)ဥက္ကဋ္ဌ ဒဟတ်တောကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သုဇာတသာရ က ပေးအပ်ထားသော ရွှေဟောင်းဗုဒ္ဓဆင်းတုတော်အား ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သည့်အခမ်းအနားကို ယနေ့ညနေ ၄ နာရီ ခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်ခန်းမ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်၍ ရွှေဟောင်းဗုဒ္ဓဆင်းတုတော်အား လွှဲပြောင်းပေးအပ်သည်။

တက်ရောက်

ယင်းအခမ်းအနားသို့ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့် အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်က ယင်းရွှေဟောင်း ဗုဒ္ဓဆင်းတုတော်အား ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်ထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ ရွှေဟောင်းဗုဒ္ဓဆင်းတုတော်သည် အန္တဂူဆင်းတုတော်အမျိုးအစားဖြစ်၍ ဖွားတော်မူခန်းမှ ပရိနိဗ္ဗာန်စံတော်မူခန်းအထိ ဗုဒ္ဓဝင်အခန်းပေါင်း ရှစ်ခန်းပါရှိသည်။

ပေးအပ်

ယင်းရွှေဟောင်းဗုဒ္ဓဆင်းတုတော်မှာ စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် ဝမ်းပြည့်ကျေးရွာ၌ အလောင်းစည်သူမင်းကြီးတည်ထားခဲ့သော ရွှေဟောင်းစေတီအား မန္တလေးမြို့ သီရိမန္တလာဈေး အောင်သုခဆိုင်ရှင် ဒေါ်ဘေဘီမိသားစုက ဘက်စုံ ပြုပြင်မွမ်းမံရာမှ ယင်းရွှေဟောင်းဗုဒ္ဓဆင်းတုတော်အား တွေ့ရှိ၍ ဒဟတ်တောကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သုဇာတသာရထံ လှူဒါန်းခဲ့ပြီး ဆရာတော်က နိုင်ငံတော်ဝန်ကြီးချုပ်အား ပေးအပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ရွှေဟောင်း ဗုဒ္ဓဆင်းတုတော်အား အများပြည်သူကြည်ညိုနိုင်ရန် ရန်ကုန်မြို့ရှိ အမျိုးသားပြတိုက်၌ ထားရှိအပူဇော်ခံမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မန္တလေးတိုင်း သံဃနာယကအဖွဲ့ (ရွှေကျင်) ဥက္ကဋ္ဌ ဒဟတ်တောကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုဇာတသာရက ပေးအပ်ထားသော ရွှေဟောင်းဗုဒ္ဓဆင်းတုတော်အား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် မန္တလေးတိုင်း သံဃနာယကအဖွဲ့ (ရွှေကျင်)ဥက္ကဋ္ဌ ဒဟတ်တောကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သုဇာတသာရက ပေးအပ်ထားသော ရွှေဟောင်းဗုဒ္ဓဆင်းတုတော်ကို ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်ထံ လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

(၅၉)နှစ်မြောက်တပ်မတော်နေ့အခမ်းအနားနှင့် စစ်ကြောင်းများချီတက်စစ်ရေးပြကြပုံများ မြန်မာ့ရုပ်မြင်သံကြားမှထုတ်လွှင့်ပြသမည်

ရန်ကုန် မတ် ၂၆

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားကျင်းပပုံနှင့် စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းများ မြို့မကွင်းမှ တော်လှန်ရေးပန်းခြံသို့ ချီတက်စစ်ရေးပြကြပုံများကို မြန်မာ့အသံနှင့် မြန်မာ့ရုပ်မြင်သံကြားတို့မှ မတ် ၂၇ ရက် နံနက် ၆ နာရီမှစ၍ အခမ်းအနားကျင်းပရာ တော်လှန်ရေးပန်းခြံမှ တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၅၉)နှစ်မြောက်တပ်မတော်နေ့ပြပွဲ

တပ်မတော်စစ်သမိုင်းပြတိုက်

(ရွှေတိဂုံဘုရားလမ်း)

(၂၆-၃-၂၀၀၄ မှ ၄-၄-၂၀၀၄)

(မည်သူမဆိုအခမဲ့ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။)

(၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်နေ့ပြပွဲ ပြခန်းများ ဆုချီးမြှင့်ပွဲ အခမ်းအနားတက်ရောက်၍ ဆုများချီးမြှင့်

ရန်ကုန် မတ် ၂၆

(၅၉)နှစ်မြောက် တပ်မတော်နေ့ပြပွဲပြခန်းများ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် (၅၉)နှစ်မြောက် တပ်မတော်နေ့ပြပွဲ ဖွင့်လှစ်ပြသလျက်ရှိသည့် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ကျင်းပရာ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တက်ရောက်၍ ဆုများကို ချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်မှူးကြီး ဉာဏ်ထွန်း၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ် လှရွှေနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဒုတိယရဲချုပ်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြခန်းတာဝန်ခံများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆုရပြခန်းစာရင်းကြေညာ

ရှေးဦးစွာ အခမ်းအနားမှူးစစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံးမှ ဦးစီးအရာရှိ (ဒုတိယတန်း) ဗိုလ်မှူးကျော်ကျော်မြင့်က (၅၉) နှစ်မြောက် တပ်မတော်နေ့ပြပွဲပြခန်းများ ခင်းကျင်းမှုပြိုင်ပွဲတွင် ဆုရရှိကြသည့် ပြခန်းများစာရင်းကိုဖတ်ကြားကြေညာသည်။

ထို့နောက် (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဝန်ကြီးဌာနပြခန်းများတွင် ပထမဆုရရှိသည့် အမှတ်(၁) စက်မှုဝန်ကြီးဌာနပြခန်း၊ ဒုတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနပြခန်း၊ တတိယဆုရရှိထားပို့ဆောင်ရေးဝန်ကြီးဌာန ပြခန်း၊ စတုတ္ထဆုရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပြခန်း၊ ပဉ္စမဆုရ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနပြခန်းနှင့် အထူးဆုများ ရရှိကြသည့် ပို့ဆောင်ရေးဝန်ကြီးဌာနပြခန်း၊ သတ္တုတွင်းဝန်ကြီးဌာနပြခန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ပြခန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပြခန်း၊ သစ်တောရေးရာ ဝန်ကြီးဌာနပြခန်း၊ ပြည်ထဲရေးဝန်ကြီးဌာနပြခန်းနှင့် စွမ်းအင်ဝန်ကြီးဌာနပြခန်းတို့ကို ဂုဏ်ပြုဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ (၅၉)နှစ်မြောက် တပ်မတော်နေ့ပြပွဲ ပြခန်းများဆုချီးမြှင့်ရေးအကဲဖြတ်အမှတ်ပေးအဖွဲ့ဥက္ကဋ္ဌ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်က တိုင်းစစ်ဌာနချုပ်ပြခန်းများတွင် ပထမဆုရမြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ပြခန်း၊ ဒုတိယဆုရ အနောက်မြောက်တိုင်းစစ်ဌာနချုပ်ပြခန်းနှင့် တတိယဆုရ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ပြခန်းတို့ကိုလည်းကောင်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေက အထူးဆုရရှိကြသည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ပြခန်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ပြခန်းနှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်ပြခန်းတို့ကိုလည်းကောင်း၊ စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်မှူးကြီးဉာဏ်ထွန်းက ကာကွယ်ရေး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံးပြခန်းများတွင် ပထမဆုရ စစ်လက်နက် ပစ္စည်းညွှန်ကြားရေးမှူးရုံးပြခန်း၊ ဒုတိယဆုရ ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံးပြခန်းနှင့် တတိယဆုရ အမြောက်တပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးပြခန်းတို့ကိုလည်းကောင်း၊ ဒုတိယစစ်ထောက်ချုပ်ဗိုလ်မှူးကြီးမြင့်အုန်းက အထူးဆုများရရှိကြသည့် သံချပ်ကာယန္တရားတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးပြခန်း၊ ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံးပြခန်းနှင့် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးပြခန်းတို့ကိုလည်းကောင်းဆုများကို ချီးမြှင့်ကြသည်။

အမှာစကား

ထို့နောက်(၅၉)နှစ်မြောက်တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ပြခန်းတာဝန်ရှိသူများအား အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

(၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း (၅၉)နှစ်မြောက် တပ်မတော်နေ့ ပြပွဲ ပြခန်းများ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဆုရရှိသော ဝန်ကြီးဌာန ပြခန်းများအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

စပိန်တပ်များ ရုပ်သိမ်းမည့်အစီအစဉ် မပြောင်းလဲ

ဝန်ကြီးချုပ်အဖြစ် အရွေးခံထားရသော ဇာပါတီရိုပြောကြား

မက်ဒရစ် မတ် ၂၅

စပိန်နိုင်ငံသည် ဇွန် ၃၀ ရက်၌ တပ်ဖွဲ့ဝင်များရုပ်သိမ်းမည့် အစီအစဉ်အတိုင်း ဆက်လုပ်သွားမည်ဟု စပိန်ဝန်ကြီးချုပ်အဖြစ် အရွေးခံထားရသော ဂျို့စ်လူဝစ်ရိုဒရီဂုဇ်ဇာပါတီရိုက ဗုဒ္ဓဟူးနေ့၌ ထပ်မံပြောကြားလိုက်သည်။

ရိုဒရီဂုဇ်ဇာပါတီရိုသည် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်နှင့် ဆွေးနွေးစဉ် ထိုသို့ပြောကြားခြင်းဖြစ်ကြောင်း အစိုးရအဖွဲ့တွင် နိုင်ငံခြားရေးဝန်ကြီးဖြစ်လာ မည့်သူက သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

ရုပ်သိမ်းမည်

လုံခြုံရေးမူဝါဒနှင့် စပ်လျဉ်း၍ ကုလသမဂ္ဂအခန်း ကဏ္ဍပိုမိုမကြီးမားလျှင်သော်လည်းကောင်း ဇွန် ၃၀ရက်၌ အီရတ်တွင် အသွင်ကူးပြောင်းခြင်း မရှိလျှင်လည်းကောင်း စပိန် တပ်ဖွဲ့ဝင် ၁၃၀၀ ရုပ်သိမ်းမည်ဖြစ်ကြောင်း ဇာပါတီရိုက စွဲမြဲထားသည်။

အီရတ်၌ လက်ရှိ အဓိပ္ပာယ်ဖော်ဆောင်ထားသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြောင်းလဲရာတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ဗြိတိန်နိုင်ငံနှင့် ပူးပေါင်း လုပ်ဆောင်ရန် ဆန္ဒရှိကြောင်းကို ဇာပါတီရိုက ပြောကြားသည်ဟု စပိန်အစိုးရအဖွဲ့သစ်၌နိုင်ငံ ခြားရေးဝန်ကြီးဖြစ် လာမည့် မီဂျယ်အိန်ဂျယ်မိုရာတီနို့စ်က ပြောကြားသည်။ အစောပိုင်းတွင် ဗြိတိန်ဝန်ကြီး ချုပ်တိုနီဘလဲသည် အီရတ်၌ ကုလသမဂ္ဂ၏ အခန်းကဏ္ဍပိုမိုချဲ့ထွင်မည့် ကုလသမဂ္ဂဆုံးဖြတ်ချက်သစ်ချမှတ်ရေးကို ဇာပါတီရိုအား အကြံပြုဆွေးနွေးခဲ့ကြောင်း ဝန်ကြီးချုပ် တိုနီဘလဲ၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ဘလဲနှင့်ပါဝဲလ်တို့သည် မက်ဒရစ်တွင် ဖြစ်ပွားခဲ့သော ဗုံးခွဲမှုတွင် သေဆုံးသူများ၏ ဈာပနသို့ တက်ရောက်ရန် စပိန်သို့ရောက်နေကြခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

လုံခြုံရေးစောင့်ကြပ်

မတ် ၂၅ ရက်က ဘဂ္ဂဒက်မြို့ရှိ ရှယ်ရတန်ဟိုတယ် ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခံရပြီးနောက် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ လုံခြုံရေးစောင့်ကြပ်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

တိုင်းမ်မဂ္ဂဇင်းအမှုထမ်း အီရတ်လူမျိုး ဘဂ္ဂဒက်၌ သေနတ်ပစ်ခံရ၍ ဒဏ်ရာပြင်းထန်စွာရရှိ

ဘဂ္ဂဒက် မတ် ၂၅

ဘဂ္ဂဒက်တွင် တိုင်းမ်မဂ္ဂဇင်းအတွက် အလုပ်လုပ်သော အီရတ်လူမျိုးတစ်ဦး ကြာသပတေးနေ့က သေနတ်ပစ်ခံရသဖြင့် ဒဏ်ရာပြင်းစွာရရှိသွားကြောင်း တိုင်းမ်မဂ္ဂဇင်းက ပြောကြားသည်။

လွန်ခဲ့သည့် သီတင်းပတ်ကလည်း ဘဂ္ဂဒက်အရှေ့မြောက်ရှိ ဘာကူဘာမြို့အနီးတွင် အမေရိကန်ငွေကြေးပံ့ပိုးသည့် ရုပ်မြင်သံကြားနှင့် ရေဒီယိုဌာနတွင် အလုပ်လုပ်သော အီရတ်သုံးဦးကို ခုခံတိုက်ခိုက်ရေးသမားများက ချုံခိုတိုက်ခိုက်ကာ သတ်ဖြတ်သွားခဲ့ကြသည်။

စုံစမ်းနေဆဲ

ထို့ပြင် လွန်ခဲ့သည့်သီတင်းပတ်၌ ဒူဘိုင်းအခြေစိုက် ဂြိုဟ်တုသတင်းဌာနဖြစ်သော အယ်လ်အာရေဗျတွင် အလုပ်လုပ်သည့် အီရတ်သတင်းစာဆရာနှစ်ဦးလည်း ဘဂ္ဂဒက်တွင် ပစ်သတ်ခြင်းခံခဲ့ကြရသည်။ အာရေဗျဂြိုဟ်တုသတင်းဌာနက စစ်ဆေးရေးစခန်း၌ အမေရိကန်တပ်များ ပစ်ခတ်သတ်ဖြတ်ခြင်းဖြစ်ကြောင်း ပြောဆိုပြီး အမေရိကန်စစ်တပ်က စုံစမ်းနေဆဲဖြစ်သည်။

ယခုလအစောပိုင်းတွင်လည်း အမေရိကန်အသံ၌ စကားပြန်အလုပ်လုပ်သော သူတစ်ဦးကို သူ၏ကားအတွင်း၌ သူ၏မိခင်နှင့် သမီးတို့နှင့်အတူ ပစ်သတ်သွားခဲ့ကြသည်။ ဇန်နဝါရီလထဲ၌ ခုခံတိုက်ခိုက်ရေးသမားများက စီအင်န်အင်န်ယာဉ်တန်းကို ဘဂ္ဂဒက်တောင်ဘက်၌ ပစ်ခတ်မှုကြောင့် အီရတ်အမှုထမ်းနှစ်ဦး သေဆုံးခဲ့ရသည်။

တိုက်ခိုက်လာ

နိုင်ငံခြား လူထုဆက်သွယ်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ကိုင်နေကြသော အီရတ်လူမျိုးအချို့ ခြိမ်းခြောက်စာများ ရရှိခဲ့ကြောင်းသိရသည်။

အီရတ်ခုခံတိုက်ခိုက်ရေး ပြောက်ကျားများသည် နိုင်ငံခြားအဖွဲ့အစည်းများတွင် အလုပ်လုပ်နေကြသော အီရတ်တို့အပါအဝင် လွယ်ကူသောပစ်မှတ်များကို ပို၍ အဓိကထားတိုက်ခိုက်လာခဲ့ကြသည်ကို တွေ့ရသည်။

အမ်အင်အေ၊ရိုက်တာ

တရုတ်နှင့်ကမ္ဘောဒီးယား သဘောတူညီချက်များ လက်မှတ်ရေးထိုး

ဖနွမ်းပင် မတ် ၂၅

တရုတ်နှင့်ကမ္ဘောဒီးယားနိုင်ငံတို့သည် နှစ်နိုင်ငံစီးပွားရေးနှင့် ကုန်သွယ်ရေး ပိုမို ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များကို အင်္ဂါနေ့က လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ အလည်အပတ်ရောက်ရှိနေသော တရုတ်ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့် ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟွန်ဆန်တို့ တက်ရောက်ခဲ့ကြပြီး အကြောင်းအချက် ဖလှယ်ရေးငါးခု၊ နားလည်မှုစာချုပ်မူကြမ်းသုံးခုနှင့် သဘောတူညီမှုတစ်ခုအပါအဝင်ပူးပေါင်းဆောင်ရွက်ရေး စာချုပ်ကိုးခုကို နှစ်နိုင်ငံတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါသဘောတူညီမှုအရ စီးပွားရေးနှင့်နည်းပညာပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအားဖြည့်ဆောင်ရွက်ရန် နှစ်နိုင်ငံက ဆုံးဖြတ်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

အေသင်အိုလံပစ်အားကစားမီးရှူးတိုင် စတင်ထွန်းညှိ တိုက်ကြီးငါးတိုက်သို့ လက်ဆင့်ကမ်းသယ်ဆောင်မည်

အေသင် မတ် ၂၅

ဂရိနိုင်ငံ အေသင်မြို့၌ ကျင်းပမည့် နွေရာသီ အိုလံပစ်အားကစားပွဲတော်အတွက် မီးရှူးတိုင်ကို မတ် ၂၅ ရက်နေ့တွင် စတင်မီးထွန်းညှိပြီး အိုလံပစ်အမှတ်တံဆိပ်ပါရှိသော စက်ဝိုင်းကွင်း ငါးကွင်းကို ကိုယ်စားပြုသည့် ကမ္ဘာ့တိုက်ကြီးငါးတိုက်သို့ မီးရှူးတိုင် လက်ဆင့်ကမ်းခရီးစဉ် စတင်တော့မည်ဖြစ်သည်။ မီးရှူးတိုင်ခရီးစဉ် စတင်နေပြီဖြစ်သော်လည်း အိုလံပစ်ပွဲတော်အတွက်တည်ဆောက်မှု အစီအစဉ်များ နှောင့်နှေးကြန့်ကြာနေသည်များ ရှိနေသကဲ့သို့ ပွဲတော်ကျင်းပပါက ဂရိအစိုးရအနေဖြင့် အကြမ်းဖက် အန္တရာယ်ကို ကာကွယ်နိုင်မည်လားဆိုသော စိုးရိမ်ရသည်များလည်းရှိနေသည်။

မပြီးနိုင်

အိုလံပစ်ပွဲတော်အတွက် စီမံကိန်းအများစုသည် သတ်မှတ်ချိန်ထက် နောက်ကျနေပြီး အချို့စီမံကိန်းများဆိုလျှင် ပွဲတော်ချိန်အမီ မပြီးစီးနိုင်ဟုသိရရသည်။ အိုလံပစ်ရေကူးကန်ကို အမိုးမမိုးရသေးဟုဆိုသည်။ မူလမာရသွန်ပြေးလမ်းတိုးချဲ့သည့် အစီအစဉ်သည်လည်း နောက်ကျနေပြီး အေသင်လေဆိပ်နှင့် မြို့တော်ကို ဆက်သွယ်ပေးမည့် ရထားလမ်း၊ ကမ်းခြေဒေသနှင့် မြို့တော် ဆက်သွယ် ပေးမည့်ရထားလမ်းများလည်း အပြီးမသတ်နိုင်သေးဟု သိရသည်။

တည်ဆောက်မှုများ နှောင့်နှေးကြန့်ကြာမှုသည် လုံခြုံရေးအတွက် အဆင်မပြေမှုများပါ ဆက်လက်ဖြစ်ပွားလာနိုင်သည်။

ကုန်ကျဖွယ်

စပိန်ဗုံးခွဲမှုအပြီး အေသင် အိုလံပစ်ပွဲတော်လုံခြုံရေးအတွက် နေတိုးအဖွဲ့ဝင်နိုင်ငံများက ပါဝင်ဆောင်ရွက်ပေးမည်ဟု သိရသည်။ လုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများကြောင့် လာမည့် ဩဂုတ် ၁၃ ရက်နေ့၌ စတင်တော့မည့် အေသင်အိုလံပစ်ပွဲတော်ကုန်ကျစရိတ်သည် ဆစ်ဒနီအိုလံပစ်ပွဲတော်ကုန်ကျစရိတ်ထက် သုံးဆပိုကာ ဒေါ်လာသန်းရှစ်ရာခန့် ကုန်ကျဖွယ်ရှိကြောင်း သိရသည်။

(စီအင်န်အင်န်)

အီရတ်ပြန်လည်ထူထောင်ရေး လုံခြုံမှု မပေးနိုင်လျှင် နိုင်ငံရေးနှင့်စီးပွားရေး တိုးတက်မှုများ ဖြစ်ပေါ်မလာနိုင်

ဘဂ္ဂဒက် မတ် ၂၅

အီရတ်နိုင်ငံပြန်လည်ထူထောင်ရေး၌ လုံခြုံမှုတည်ဆောက်နိုင်ခြင်းမရှိလျှင် နိုင်ငံရေးနှင့် စီးပွားရေးတိုးတက်မှုများဖြစ်ပေါ်မလာနိုင်ကြောင်း အီရတ်ရေးရာ သုတေသီမှူစတက်ဖာအာလာနီကပြောကြားသည်။ အမေရိကန်အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာအနေဖြင့် အီရတ်စစ်ပွဲပြီးဆုံးပြီးနောက်ပိုင်း အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့များ၏ လုံခြုံရေးဆောင်ရွက်မှုနှင့် ပတ်သက်ပြီး ပြောကြားခဲ့ခြင်းမရှိကြောင်း သိရသည်။

ပေါလ်ဘရီမာသည် အီရတ်နိုင်ငံတွင်း ဖြစ်ပျက်နေသော အခြေအနေမှန်ကို မျက်ကွယ်ပြုကာ လူအများ အကောင်းဘက်က တွေးထင်လာစေရန်အတွက် အီရတ်မြင်ကွင်းကို ပြောင်းလဲရန် ကြိုးစားနေကြောင်း၊ တိုက်ခိုက်သတ်ဖြတ်မှုများ ရပ်တန့်အောင် မဆောင်ရွက်နိုင်လျှင် စီးပွားရေး၊ နိုင်ငံရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်၍ မဖြစ်နိုင်ကြောင်း အာလာနီက ပြောကြားသည်။

ထို့ပြင် နိုင်ငံရေးအရ တရားဝင်ဆောင်ရွက်နိုင်မှု အခန်းကဏ္ဍနှင့် ပတ်သက်၍ ရှင်းလင်းသွားခြင်းမရှိကြောင်း အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုမရှိဘဲ တရားဝင်ဖြစ်မှုလည်း မရှိနိုင်ကြောင်း အာလာနီက ဝေဖန်ခဲ့သည့်ပြင် အမေရိကန်တပ်ဖွဲ့များ ဆက်လက်တပ်စွဲထားမည်ဆိုပါက အီရတ်အစိုးရအဖွဲ့သစ်အနေဖြင့် ဆက်ဆံရေးအခြေအနေကိုလည်း ရှင်းရှင်းလင်းလင်း ပြောကြားခြင်းမရှိကြောင်း ထောက်ပြခဲ့သည်။ အဆိုပါ အချက်များကြောင့် လာမည့်ကာလအတွင်း အီရတ်နိုင်ငံ၌ တိုးတက်မှု တစ်စုံတစ်ရာဖြစ်ပေါ်မလာနိုင်ကြောင်း အာလာနီက ပြောကြားသည်။

(စီအင်န်အင်န်)

မတ် ၂၅ ရက်က အီရတ်နိုင်ငံတောင်ပိုင်းရှိ ဘာဆာရာမြို့မှ ရေနံတင်ပို့ရေးပိုက်လိုင်း မီးလောင်နေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

27-3 (5).p65 1 3/24/05, 11:02 PM

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ခဲ့သည့် အီရတ်နိုင်ငံ

ကျူးကျော်စစ်ပွဲကြောင့် အီရတ်ပြည်သူများ၏ ထိခိုက်နစ်နာဆုံးရှုံးရမှုများ

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များက အီရတ်နိုင်ငံကို မတရားကျူးကျော်တိုက်ခိုက်ခဲ့မှုကြောင့် အီရတ်နိုင်ငံတစ်ဝန်းတွင် ပြည်သူများထိခိုက်ဒဏ်ရာရသေဆုံးမှုများစွာ ရှိခဲ့ပြီးနောက် အဆောက်အအုံများစွာ ပျက်စီးဆုံးရှုံးမှုများ ကြီးမားစွာဖြစ်ပေါ်ခဲ့ရသည်။ အီရတ်ပြည်သူတို့၏ရှေ့၌ မားမားမတ်မတ်ရပ်တည်ပေးမည့် အီရတ်တပ်မတော် ပြိုကွဲသွားရသည့်အတွက် တိုင်းတစ်ပါးတပ်များ၏ ကျူးကျော်မှုများကို အီရတ်ပြည်သူများ နေ့စဉ်ခံစားနေရပြီး ဒုက္ခပင်လယ်ဝေလျက်ရှိသည်။

မတ် ၁၃ ရက်က တီကရစ်မြို့တွင် တိုက်ခိုက်ခံရမှုကြောင့် ရေနံပိုက်လိုင်းတစ်ခု ပေါက်ကွဲမီးလောင်နေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မတ် ၁၂ရက်က ဘဂ္ဂဒက်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် ပျက်စီးခဲ့ရသော အိမ်တစ်လုံးကိုတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း အီရတ်မြင်ကွင်း

အမေရိကန်နှင့်အပေါင်းပါတို့၏ကျူးကျော်စစ်ကြောင့် အီရတ်ပြည်သူတို့ ထိခိုက်နစ်နာဆုံးရှုံးရမှုများ

အကြောင်းအရာ	နစ်နာဆုံးရှုံးမှု အရေအတွက်
ကလပ်စတာဗုံးကြောင့် သေဆုံးမှုများ	၂၇၉ ဦး
ကလေးငယ်များသေဆုံးမှု (၂၀၀၃ခုနှစ် မတ်လမှ ၂၀၀၅ခုနှစ် မတ်လအထိ)	၉၃ ဦး
လေကြောင်းတိုက်ခိုက်မှုကြောင့် အီရတ်တို့သေဆုံးမှု (၂၀၀၃ ခုနှစ် မတ်လမှ ၂၀၀၅ခုနှစ် မတ်လအထိ)	၁၁၈၇ ဦး
အမေရိကန်နှင့် အပေါင်းပါတပ်များ၏ မဆင်မခြင်ပစ်ခတ်မှုကြောင့်သေဆုံးမှု	၂၁၂ ဦး
၂၀၀၃ခုနှစ် မတ်လမှ ၂၀၀၅ခုနှစ် မတ်လ အထိ အီရတ်တို့သေဆုံးမှု	၁၀၆၁၈ ဦး
စစ်ပွဲကာလအတွင်း အီရတ်တပ်ဖွဲ့ဝင်များ သေဆုံးမှု	၁၀၀၀၀ ခန့်
စစ်ကြောင့်အဆောက်အအုံများ ပျက်စီးရမှုတန်ဖိုး	ဒေါ်လာသန်း ၅၉၁၀၀ ခန့်
အီရတ်ရှေးဟောင်းသမိုင်းပြတိုက်ကြီးမှ ရှေးဟောင်းလက်ရာပစ္စည်းများဖျက်ဆီးခံရမှုတန်ဖိုး	ဒေါ်လာသန်း ၇၀၀၀ခန့်

မတ် ၁၆ရက်က ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သောအီရတ်ကလေးငယ်တစ်ဦးကို ဘဂ္ဂဒက်ရှိ အယ်ကာရာမာ ဆေးရုံ၌ တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)



မတ် ၁၂ ရက်က ကာရာဒါမြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် ဈေးဆိုင်များ ပျက်စီးနေမှုကို အီရတ်တို့ကြည့်ရှုနေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်နှင့် အပေါင်းပါတို့၏ကျူးကျော်စစ်ပွဲကြောင့် ဘဂ္ဂဒက်ပြတိုက်မှ လုယက်ခံရသည့် ပစ္စည်းများအနက် ရှေးဟောင်း လက်မှုအနုပညာအိုးများကို ပြန်လည်သိမ်းဆည်းခဲ့ပြီး ဘဂ္ဂဒက်မြို့ အီရတ်အမျိုးသားပြတိုက်ကြီး၌ ဖေဖော်ဝါရီ ၂၈ရက်က ပြသထားသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများလက်တွဲ၍ ဆောင်ရွက်ခဲ့သည့် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများ

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု



ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းတည်ဆောက်ခဲ့သည့် ဧရာဝတီတိုင်း အင်္ဂပူမြို့နယ်ရှိ နန်ကသူ ရေလှောင်တမံ။

ပြည်သူနှင့်တပ်မတော်တို့ ပူးပေါင်းတည်ဆောက်ခဲ့သည့် ဆည်တမံများ

စဉ်	ဆည်တမံများ	မြို့နယ်	အကျိုးပြုဧရိယာဧက
၁။	ရဟိုင်းကွင်းရေလှောင်တမံ	ဝွမြို့နယ်	၆၂၅
၂။	ကွမ်းခြံကုန်းရေထိန်းတံခါး	ကွမ်းခြံကုန်းမြို့နယ်	၂၁၄၀၀
၃။	သဲတော ရေလှောင်တမံ	လက်ပံတန်းမြို့နယ်	၁၂၀၀၀
၄။	သစ်တက်ကုန်းရေလွှဲဆည်	မြစ်သားမြို့နယ်	၅၀၀၀
၅။	ကြက်မောက်နှင့် လယ်တီရေထိန်းတမံ	မြိုင်မြို့နယ်	၁၂၀၀
၆။	ပုန်းမကြည်ရေလှောင်တမံ	မလှိုင်မြို့နယ်	၅၀၀
၇။	မြို့သာရေလှောင်တမံ	ငါန်းဇွန်မြို့နယ်	၁၅၀၀
၈။	နန်ကသူရေလှောင်တမံ	အင်္ဂပူမြို့နယ်	၁၄၀၀၀
၉။	မိုးမခ ရေထိန်းတံခါး	တွံတေးမြို့နယ်	၄၀၀၀၀

ပြည်သူနှင့် တပ်မတော်ပူးပေါင်းဖောက်လုပ်ခဲ့သည့် ရထားလမ်းများ

စဉ်	အကြောင်းအရာ	၁၉၈၈	(တိုးချဲ့လမ်းသစ်)	၂၀၀၄
၁။	ရထားလမ်းခရီးမိုင်အရှည်	၁၉၇၆.၃၅	၁၀၂၂.၀၁	၂၉၉၈.၃၆
၂။	သံလမ်းမိုင်	၂၇၉၃	၁၁၁၃	၃၉၀၆
၃။	ဖောက်လုပ်ဆဲရထားလမ်းမိုင်			၁၄၅
၄။	ဆောင်ရွက်ဆဲရထားလမ်းမိုင်			၅၁၅.၀၅

ငွေ၊ လုံ့လ ဝီရိယရှိသည့် တပ်မတော်

ပြည်သူနှင့် တပ်မတော် ပူးပေါင်းဖောက်လုပ်ခဲ့သည့်လမ်းများ

စဉ်	ပြည်နယ်/တိုင်း	မော်တော်ကားလမ်း
၁။	ရန်ကုန်တိုင်း	တိုက်ကြီး-ဖူးကြီး-ဖောင်ကြီးလမ်း ရန်ကုန်-ပဲခူးခြောက်လမ်းသွားလမ်း
၂။	ရှမ်းပြည်နယ်	တာကော်-မိုင်းပျဉ်း-ကျိုင်းတုံလမ်း ကျိုင်းတုံ-တာချီလိတ်လမ်း၊ ရပ်စောက်-ကျောက်ဂူ-နောင်ချို၊ လားရှိုး-မူဆယ် ခိုလမ်-ကျိုင်းတောင်းလမ်း၊ မိုးနဲ-ကျိုင်းတောင်းလမ်း၊ မိုင်းပန်-ကျိုင်းတောင်းလမ်း
၃။	ဧရာဝတီတိုင်း	ပုသိမ်-သလပ်ချော-မော်တင်စွန်း ပုသိမ်-သလပ်ချော-ငွေဆောင်လမ်း တာကွေ့-ကဇန်း၊ မအူပင်-ဆားမလောက်
၄။	ကချင်ပြည်နယ်	မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို တနိုင်း-နန်းယွန်း
၅။	ကယားပြည်နယ်	ဖားဆောင်း-ခဲမဖြူ-ထီးထ-စောထ
၆။	ကရင်ပြည်နယ်	ကော့ကျိုက်-ကော့ပရံ့-ဇာသပြင် ဘောကလိကြီး-မော်ချီး ဝါးဘိုးတော-ကမမောင်း၊ဖာပွန်-ကမမောင်း
၇။	မကွေးတိုင်း	မကွေး-တောင်တွင်းကြီး၊ ပုသိမ်-မုံရွာ ဂန့်ဂေါ-ရေမျက်နီ၊ သရက်-မင်းတုန်း နတ်ချောင်း-ဂန့်ဂေါ ပခုက္ကူ-ကျွန်းချောင်း-ဆိပ်ဖြူလမ်း ပခုက္ကူ-မင်းရွာ၊ ပခုက္ကူ-မြို့စိုး-ဇီးပြား အောင်လံ-ဆတ်သွား
၈။	စစ်ကိုင်းတိုင်း	ဘုတလင်-ကလေးဝ-တမူး၊ ရေဦး-ခင်ဦး၊ သက္ကယ်ကျင်း-ဖောင်းပြင်-ခန္တီး ကလေး-နတ်ချောင်း၊ ကလေး-ကျီကုန်းလမ်း၊ နတ်ချောင်း-ဂန့်ဂေါ လေးရှီး-ပန်ဆပ်-ဆွမ်ပရာဘွမ် လဟယ်-ယမ်းကျုံးလမ်း လဟယ်-ဆော့လော်-ပုံညိုလမ်း လောင်ငေါင်-အရီးကျိန်လမ်း မော်လိုက်-ပြောင်ဘုတ်-စော်ဘွား-ရေရှင် ပုံညို-စပ်ဖောင်-အရီးကျိန်လမ်း အရီးကျိန်-တန်ပါခွေလမ်း ပုံညို-ကျွန်းဆောင်-အရီးကျိန်လမ်း
၉။	ရခိုင်ပြည်နယ်	ရန်ကုန်-စစ်တွေ
၁၀။	မွန်ပြည်နယ်	သိမ်ဆိပ်၊ သံဖြူဇရပ်-ဘုရားသုံးဆူလမ်း၊ ဝိဃော်-လေးကေလမ်း
၁၁။	တနင်္သာရီတိုင်း	တနင်္သာရီ-တောင်ဖရ-မဏ္ဍိုင်လမ်း၊ လေညာ-ဘုတ်ပြင်းလမ်း၊
၁၂။	မန္တလေးတိုင်း	ပုဂံ-ညောင်ဦး-မြင်းခြံလမ်း၊ ပုသိမ်ကြီး-ပြင်ဦးလွင်လမ်း၊
၁၃။	ချင်းပြည်နယ်	တီးတိန်-တွန်းဇံ-ကျီခါးလမ်း၊ ထန်တလန်-လုံလဲကားလမ်း

တပ်မတော်သားများ ရှမ်းပြည်နယ် (တောင်ပိုင်း) ဆိုက်ခေါင်-နမ့်စန်ရထားလမ်းတွင် သံလမ်း ကျောက်ဖြည့်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ခဲ့ကြစဉ်။

ပြည်သူနှင့်တပ်မတော်တို့ လက်တွဲ၍ စစ်ကိုင်းတိုင်း မုံရွာ-ကလေးဝလမ်းမကြီးကို ဤသို့ ချောမွေ့စေရန် ဖောက်လုပ်ခဲ့သည်။

ပြည်သူနှင့် တပ်မတော် ပူးပေါင်းတည်ဆောက်သည့် တံတားများ

စဉ်	အမည်	တည်နေရာ	အရှည်ပေ	မှတ်ချက်
၁။	ပသောင်း	မြိတ်မြို့နယ်	၈၁၀	တည်ဆောက်ပြီး
၂။	ဒေါ်လန်း	လှိုင်းဘွဲမြို့နယ်	၁၀၀၀	။
၃။	ငမိုးရိပ်	ရန်ကုန်မြို့	၆၆၀	။
၄။	ပုထိုးလုံ	ကနီမြို့နယ်	၄၅၀	။
၅။	လပင်	ကလေးဝမြို့နယ်	၂၂၀	။
၆။	တိန်း	မင်းကင်းမြို့နယ်	၃၆၀	တည်ဆောက်ဆဲ
၇။	မြို့မ	ကနီမြို့နယ်	၅၄၀	။
၈။	ရုံးပင်	လယ်ဝေးမြို့နယ်	၂၇၀	။
၉။	အဆုံချောင်း	တပ်ကုန်းမြို့နယ်	၁၉၀	။
၁၀။	ငလိုက်ချောင်း	ပျဉ်းမနားမြို့နယ်	၃၀၀	။
၁၁။	ဆင်သေချောင်း	ပျဉ်းမနားမြို့နယ်	၂၁၀	။

တပ်မတော်က တည်ဆောက်ခဲ့သော စစ်ကိုင်းတိုင်း ကနီမြို့နယ်ရှိ လပင်တံတားကို ဤသို့ တွေ့ရသည်။

ဒို့တာဝန် အရေးသုံးပါး
အစဉ်ဦးထိပ်ထား

ယနေ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် တပ်မတော်နေ့ မင်္ဂလာအခါသမယဖြစ်သည်။ ဤတပ်မတော်နေ့သည် ပြည်ထောင်စုဖွား တိုင်းရင်းသား ပြည်သူအားလုံးအတွက် နေ့ထူးရက်မြတ်လည်း ဖြစ်သည်။

မြန်မာနိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း တိုင်းရင်းသားလူမျိုး ၁၀၀ ကျော် စုပေါင်းနေထိုင်လျက်ရှိကြသည်။ သွေးချင်းသားချင်း ညီနောင်ရင်းများဖြစ်ကြသော ကချင်၊ ကယား၊ ကရင်၊ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း အစရှိသည့် တိုင်းရင်းသားလူမျိုးများသည် ဤအမိမြန်မာ နိုင်ငံတော်ကြီးတွင် တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြလျက် သုခဒုက္ခဟူသမျှတို့ကို မျှဝေခံစားကြရင်း တစည်းတလုံးတည်း စုပေါင်းနေထိုင်ခဲ့ကြသည်။ ဤသည်မှာ သမိုင်းခေတ်ဦးမှသည် ယနေ့ထက်တိုင်အောင်ပင် ဖြစ်သည်။

ထို့ကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုရှိရေးသည် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် အလွန်အရေးပါလှသည်။ ဤအချက်နှစ်ချက်သည် တစ်ခုနှင့်တစ်ခု အပြန်အလှန် အမှီသဟဲပြုနေသည်။

အလားတူပင် လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် အခရာဖြစ် ပါသည်။ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ခိုင်မာလေလေ ပြည်ထောင်စုကြီး အရှည်တည်တံ့ခိုင်မြဲလေလေဖြစ်ပါသည်။

ယနေ့ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွက် အရေးအကြီးဆုံးလိုအပ်ချက်မှာ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရန်၊ တိုင်းရင်းသားများ စည်းလုံးညီညွတ်ကြရန်နှင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဲ့ တစ်ပေါက် အစွန်းမခံရအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် ဖြစ်ပါသည်။

ဤလိုအပ်ချက်သုံးရပ်သည် လက်ငင်းလိုအပ်ချက်ဖြစ်သည်သာမက ရေရှည်လိုအပ်ချက်လည်းဖြစ်သည်။ ထို့အပြင် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများသာမက နိုင်ငံတကာသို့ ပျံ့နှံ့ရောက်ရှိနေကြသော မြန်မာနိုင်ငံသားအားလုံးကပါ ဦးထိပ်ထားပြီး အလေးအနက် ရှက်ဆောင် ကြိုးပမ်းကြရမည့် အမျိုးသားရေးတာဝန်လည်းဖြစ်သည်။

မြန်မာနိုင်ငံသည် နှစ်ပရိစ္ဆေဒရှည်ကြာစွာ လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်နိုင်ခဲ့သည်။

သို့ရာတွင် ဗြိတိသျှနယ်ချဲ့တို့သည် ၁၈၂၄ခုနှစ်တွင်တစ်ကြိမ်၊ ၁၈၅၂ ခုနှစ်တွင် တစ်ကြိမ်နှင့် ၁၈၈၅ခုနှစ်တွင်တစ်ကြိမ် စုစုပေါင်း စစ်သုံးကြိမ်ပြုကာ မြန်မာနိုင်ငံကို မတရားကျူးကျော် သိမ်းပိုက်အုပ်စိုးခဲ့သည်။ မြန်မာနိုင်ငံသည် လုံးဝအချုပ်အခြာ အာဏာပိုင်လွတ်လပ်သော နိုင်ငံတော်အဖြစ်သို့ ပြန်လည်ရောက်ရှိသည်။ ၁၉၄၈ခုနှစ်အထိ နှစ်ပေါင်း ၁၂၄နှစ်တိုင်တိုင် သူ့ကျွန်ဘဝကျရောက်ခဲ့ရသည်။

နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံ၏ ပေါကြွယ်လှသော သယံဇာတများဖြစ်သည့် ကျွန်းသစ်၊ ရေနံ၊ စပါး၊ ဝါ၊ ပဲအမျိုးမျိုး၊ ကျောက်သံပတ္တမြားစသည့် မြေပေါ်မြေအောက် အဖိုးတန်ပစ္စည်းများကို လက်ဝါးကြီးအုပ် အမြတ်ထုတ် ခဲ့ကြသည်။ ထို့အပြင် ညီနောင်သွေးချင်းများဖြစ် ကြသော တိုင်းရင်းသားလူမျိုးများအချင်းချင်း သံသယဝင် အမုန်းပွားစေရန် သွေးခွဲ သပ်လျှိုကာ အုပ်ချုပ်ခဲ့ကြသည်။

ဤသို့သွေးခွဲ အုပ်ချုပ်မှု၏ အကျိုးဆက်ကြောင့် လွတ်လပ်ရေးရပြီးနောက် အနှစ် ၄၀ကျော် ကာလတစ်လျှောက်လုံး ပြည်တွင်း၌ မငြိမ်းမချမ်းဖြစ်ခဲ့ရသည်။ ယခုအခါတွင်မူ နိုင်ငံတော်အစိုးရ၏ မွန်မြတ်မှန်ကန်သော စေတနာနှင့် ကြိုးပမ်းမှုကြောင့် အမျိုးသားစည်းလုံးညီညွတ်ရေး ပြန်လည်ရရှိလာပြီး ဖြစ်သည်။

သူ့ကျွန်ဘဝတွင် နယ်ချဲ့တို့၏ သွေးစုပ်ခြယ်လှယ်မှု၊ ညှဉ်းပန်းနှိပ်စက်မှု စသည့် ခါးသီးသောအတွေ့အကြုံများကို ပြန်လည်သုံးသပ်ဆန်းစစ်ရင်း သင်ခန်းစာထုတ်ယူရန် လိုပေသည်။ သူ့ကျွန်ဘဝ မည်သို့ကျရောက်ခဲ့သည်၊ သူ့ကျွန်ဘဝမှ လွတ်မြောက်အောင် မည်မျှ ခဲခဲယဉ်းယဉ်း အသက်သွေးချွေးမြောက်မြားစွာ စတေး၍တိုက်ပွဲဝင်ခဲ့ရသည်၊ တိုင်းရင်းသား လူမျိုးအချင်းချင်း သံသယပျောက်၍ ချစ်ခင်စည်းလုံးညီညွတ်ကြရန် ဘာကြောင့်လိုအပ်နေသည်တို့ကို အကြောင်းအကျိုးဆက်စပ်ပြီး နက်နက်နဲနဲ တွေးခေါ်မြော်မြင်ကာ ပြတ်သားစွာ လုပ်ဆောင်ရမည့်အချိန်လည်း ဖြစ်ပေသည်။



အမိမြန်မာနိုင်ငံတော်ကြီး ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ခံ့ခံ့ညားညား ရပ်တည်သွားနိုင်ရန်အတွက် ပြည်သူတစ်ရပ်လုံး တပ်မတော်ကို မဏ္ဍိုင်ပြု၍ နိုင်ငံတော်ကိုကာကွယ်ရင်း တည်ဆောက်သွားကြရမည်ဖြစ်သည်။

ယနေ့ နိုင်ငံတော်၏ အမျိုးသားရေး ရည်မှန်းချက်မှာ ဒို့တာဝန်အရေးသုံးပါးဖြစ်သည်။ ယင်းတို့မှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ ဖြစ်ကြသည်။

ဤအမျိုးသားရေး ရည်မှန်းချက်များကို ပြည်သူတစ်ရပ်လုံးက အလေးအနက်ထား ကြိုးပမ်းအကောင်အထည်ဖော်ကြရမည်ဖြစ်သည်။

ယနေ့နိုင်ငံတော်တွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ပေါ်ထွန်းလာရေးအတွက် အဘက်ဘက်က ကြိုးပမ်းတည်ဆောက်နေသည်။



မကြာမီ ပြီးစီးတော့မည့် မြန်မာနိုင်ငံ၏ အကြီးဆုံးနှင့် အရှည်ဆုံး သံလွင်တံတား (မော်လမြိုင်)။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရာတွင် အမျိုးသားအင်အား ခိုင်မာတောင့်တင်းရေးသည် အဓိကလိုအပ်ချက်ဖြစ်သည်။

အမျိုးသားအင်အားတောင့်တင်းရေးတွင် စီးပွားရေးအင်အားတောင့်တင်းရေးသည် အဓိကအချက်ဖြစ်သည်။

မြန်မာနိုင်ငံသည် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတများ၊ သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝသော နိုင်ငံဖြစ်သည်။ ဤအချက်မှာ ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုး အားလုံးအတွက် ဝမ်းမြောက်ဂုဏ်ယူစရာဖြစ်သည်။ ထိုသဘာဝအခြေခံ ကောင်း များကို အပြည့်အဝ ဖော်ထုတ်အသုံးပြုပြီး နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်ကြရန်လိုသည်။

နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းရာတွင် အဓိကအကျဆုံးမှာ နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းသာယာမှုရှိရန်ဖြစ်သည်။ ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရသည် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကို ပထမဦးစွာ အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။



မန္တလေးတိုင်း ညောင်ဦး ခရိုင်အတွင်းရှိ လောကနန္ဒာ လျှပ်စစ်မြစ်ရေတင် စီမံကိန်း ရေပေါ်ရေတင် စက်ရုံ။

(၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါးနှင့် မှတ်တမ်းဓာတ်ပုံ

နိုင်ငံတော်အစိုးရ၏ စစ်မှန်သောစေတနာမွန်ဖြင့် ဖိတ်ခေါ်မှု၊ ကြိုးပမ်းအားထုတ်မှု၊ ဒေသ စည်းများ၏ လက်တွဲဆောင်ရွက်မှုတို့ကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့သည် ဘင်အတွင်း ဝင်ရောက်ကာ နိုင်ငံတော်နှင့်လက်တွဲပြီး မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေး ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်နေကြပြီဖြစ်သည်။

သမလုံခြုံမှုနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုတို့ကြောင့် ခေတ်အဆက်ဆက် ဖွံ့ဖြိုးတိုးတက်မှု ရစ်သော နယ်စပ်ဒေသများတွင် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုကို အလျင်အမြန်အရှိန် ာင်ရွက်သွားနိုင်ရေးအတွက် နိုင်ငံတော်အစိုးရသည် ၁၉၈၉ ခုနှစ် မေလ ၂၅ ရက်နေ့စွဲပါ စာအမှတ် ၂၃/၈၉ ဖြင့် 'နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင် ဗဟိုကော်မတီ'ကို ဖွဲ့စည်းပေးခဲ့သည်။ ထိုဗဟိုကော်မတီတွင် နိုင်ငံတော်အကြီးအကဲ သန်းရွှေက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။

ကာ်မတီ၏ အောက်တွင် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော တီနှင့် ဆပ်ကော်မတီ၁၈ခု၊ ဒေသကော်မတီများအဆင့်ဆင့်ဖွဲ့စည်းကာ ရည်မှန်းချက်လုပ်ငန်းများ ပြတ် အကောင်အထည်ဖော်ခဲ့သည်။

က်မှာ နယ်စပ်ဒေသများ၌ အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုး တိုးတက်မှုနောက်ကျနေးကွေးသော ျားအား ဖွံ့ဖြိုးတိုးတက်မှုရှိသည့် အခြားတိုင်းရင်းသားများနည်းတူ တစ်ပြေးညီ ဖွံ့ဖြိုး ဟု[illegible]ာ အချက်ဖြစ်သည်။

ခြုံမှုအားနည်းခဲ့သော ဒေသများတွင် တပ်မတော်၏ကြိုးပမ်းမှု ကြောင့် နယ်မြေအေးချမ်းစပြုလာ ခံတိုင်းရင်းသား ညီအစ်ကိုခေါင်းဆောင်များနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ချိန်တိုအတွင်း မြန်မြန်ဆန်ဆန်အကောင်အထည်ဖော်ပေးခဲ့သည်။ ဒေသခံတိုင်းရင်းသား စွာရင်လိုဥစ္စာရင်ခဲတက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့ကြရသဖြင့် အောင်မြင်မှု အသီးအပွင့်များကိုလည်း မြင်တွေ့နေရပြီဖြစ်သည်။

သနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၁၉၈၉ခုနှစ်မှ ၂၀၀၄ ခုနှစ် ၉ရက်အထိ နိုင်ငံတော်က ကျခံသုံးစွဲခဲ့သောငွေမှာ ကျပ်သန်းပေါင်း ၅၄၁၈၆ ဒသမ ၈၇သန်း ်လက်၍လည်း နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန် အဟုန်မြင့် ဆောင်ရွက်

င် နိုင်ငံတော်အတွင်း အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီး က်ဆောင်ရွက် နေသည်။ ရည်ရွယ်ချက်မှာ ဒေသတစ်ခုချင်းအလိုက် ပညာရေး၊ ကျန်းမာရေး၊ သွယ်ရေး၊ စီးပွားရေးအခြေအနေများ အဘက်ဘက်က ဖွံ့ဖြိုး တိုးတက်လာစေရန်ဖြစ်သည်။ ကျေးလက်နေပြည်သူများအတွက် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ချောမွေ့ ရေရရှိရေး၊ ပညာရေးအဆင့်မြင့်တင်ရေး၊ ကျန်းမာရေး စောင့်ရှောက်မှု မြှင့်တင်ရေး၊ ိုးတိုးတက်ရေးဟူသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး(၅)ရပ်ကိုပါ ချမှတ်ကာ ရှိ အကောင်အထည်ဖော် လျက်ရှိနေသည်။

၏ စီးပွားရေးအခြေအနေ တိုးတက်စေရန်အတွက်လည်း စီးပွားရေးဦးတည်ချက် အခြေခံကာ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေသည်။ စိုက်ပျိုးရေးကဏ္ဍကို မြှင့်တင်နိုင်ရန်

နယ်စပ်ဒေသမှ မိုင်းလားမြို့၏ ခမ်းနားထည်ဝါသော ဖွံ့ဖြိုးတိုးတက်မှုကို ဤသို့တွေ့ရသည်။

၁၉၈၈ ခုနှစ်မှ ယခုအချိန်အထိ ဆည်မြောင်း တာတမံ ၁၅၈ ခုကို ဘဏ္ဍာငွေ ကျပ်သန်း ၆၈၈၈ကျော် အကုန်အကျခံ တည်ဆောက်ပေးခဲ့ပြီး လယ်ယာ မြေဧက ၂ဒသမ၁၅သန်းခန့်ကို အကျိုးပြုလျက်ရှိသည်။

ထို့အပြင် မြစ်ရေတင်လုပ်ငန်း၂၆၅ခုကို တည်ဆောက်ပေးခဲ့ပြီး လယ်ယာမြေဧက သုံးသိန်းခန့် တိုးမြှင့်အကျိုးပြုလျက်ရှိသည်။

စိုက်ပျိုးရေးကဏ္ဍနည်းတူ အချိုးကျ တိုးတက်လာစေရန် စက်မှုကဏ္ဍ ဖွံ့ဖြိုးရေးအတွက်လည်း လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နေသည်။

နိုင်ငံတော်က အလတ်စားနှင့်အကြီးစား စက်မှုတည်ဆောက်ရေး လုပ်ငန်း များအပြင် စက်မှုလုပ်ငန်းရှင်များ၏ စက်မှုကဏ္ဍမြှင့်တင်ရေး အတွက်လည်း နိုင်ငံတစ်ဝန်းတွင် စက်မှုဇုန်၁၉ဇုန် ဖွဲ့စည်းတည်ထောင်ကာ အားပေးကူညီလျက်ရှိသည်။

ပြည်ထောင်စုကြီးခိုင်မာတောင့်တင်းရေးအတွက် အသက်သွေးကြော များဖြစ်သော စီးပွားရေးအခြေခံအဆောက်အအုံများကိုသာမက ဧရာဝတီမြစ်ကူး တံတားကြီးများအပါအဝင် ပေ ၁၈၀နှင့် အထက် တံတားကြီးပေါင်း ၁၆၈ စင်းနှင့် လမ်းမကြီးများကို နိုင်ငံတစ်ဝန်းတွင် ကွန်ရက်သဖွယ် ဆက်သွယ်တည်ဆောက်ပေးခဲ့သည်။

လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ကြိုးပမ်းလျက်ရှိသည်။ လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေးကဏ္ဍသည် အဓိကဖြစ်သည်။ ပညာရေးမြှင့်တင်မှုအစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာအထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းများတွင် ခေတ်မီသင်ကြားမှု သင်ယူမှုအထောက်အကူပြုစာသင်ခန်းမများ ပေါ်ထွက်လာပြီ ဖြစ်သည်။

ကျောင်းနေအရွယ်ကလေးများ စာသင်ခန်းများသို့ ရောက်ရှိပညာသင်ကြားနိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိရာ ကလေးသူငယ်အားလုံးနီးပါး စာသင်ခန်းသို့ ရောက်နေကြပြီဖြစ်သည်။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသားများအပါအဝင် ကျောင်းပညာသင်ဦးရေသည် ၇ ဒသမ ၈ သန်းကျော်ရှိလာသည်။

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အရေအတွက်သည် ၁၉၈၈ ခုနှစ်တွင် ၃၂ကျောင်းရှိရာမှ ယခုအခါ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ကျောင်းပေါင်း ၁၂၂ ခု ရှိလာပြီဖြစ်သည်။ သင်ကြားသည့် ဘာသာရပ်များတိုးချဲ့ပြီး ပါရဂူဘွဲ့များပို့ချသင်ကြားနေရာ ပါရဂူဘွဲ့ရသူပေါင်း ၃၆၄ ဦးကိုပင် မွေးထုတ်ပေးနိုင်နေပြီ ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် တစ်မျိုးသားလုံးပညာရည်မြင့်မားရေးအတွက် ပညာရည်မြှင့်တင်မှုအစီအစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိရာ အရှိန်အဟုန်ရနေပြီဖြစ်သည်။ အခြေခံပညာကဏ္ဍတွင် ကျေးလက်နေ ကလေးများ အလယ်တန်းပညာအထိသင်ယူခွင့်ရရှိစေရန် မူလတန်းလွန်ကျောင်းပေါင်း ၃၈၂၇ကျောင်းဖွင့်လှစ်ပေးခဲ့သည်။ ယခုအခါ တစ်နိုင်ငံလုံးတွင် အခြေခံပညာ ကျောင်းပေါင်း ၄၀၁၅၂ ကျောင်း ဖွင့်လှစ်ထားပြီး ဖြစ်သည်။ ဤအခြေအနေများသည် (၅၉)နှစ်မြောက်တပ်မတော်နေ့ အချိန်အခါ မင်္ဂလာအခါသမယတွင် မြင်တွေ့ရသည့်မြင်ကွင်းများဖြစ်ပါသည်။ တစ်နည်းဆိုရသော် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သော နိုင်ငံ တစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံ၏ တိုးတက်ဖြစ်ထွန်းမှု အခြေအနေများပင် ဖြစ်ပါသည်။

ထို့ကြောင့် နိုင်ငံတော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများ ပူးပေါင်းလက်တွဲလျက် **"ဒို့တာဝန်အရေးသုံးပါး အစဉ်ဦးထိပ်ထား"** ကြိုးပမ်းဆောင်ရွက် နေသမျှကာလပတ်လုံး အနာဂတ်မြန်မာနိုင်ငံတော်၏ တိုးတက်ဖြစ်ထွန်းမှုအခြေအနေများသည် ဒီရေအလား တိုးပွားလာမည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ယခင်က လုံခြုံမှုအားနည်းခဲ့သော ဒေသများတွင် တပ်မတော်၏ ကြိုးပမ်းမှုကြောင့် နယ်မြေအေးချမ်းစပြုလာခဲ့ရာ ဒေသခံတိုင်းရင်းသား ညီအစ်ကို ခေါင်းဆောင်များနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တတ်နိုင်သမျှ အချိန်တိုအတွင်း မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ပေးခဲ့သည်။ ဒေသခံ တိုင်းရင်းသားများကလည်း ဥစ္စာရင်လိုဥစ္စာရင်ခဲ တက်ကြွစွာပါဝင်ဆောင်ရွက် ခဲ့ကြရသဖြင့် အောင်မြင်မှု အသီးအပွင့်များကိုလည်း အထင်အရှား မြင်တွေ့ နေရပြီဖြစ်သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်ရှိ ပင်လုံအစိုးရ ကွန်ပျူတာကောလိပ်ကို ဤသို့တွေ့ရသည်။

(၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း (၅၉)နှစ်မြောက် တပ်မတော်နေ့ စာပေအနုပညာပြိုင်ပွဲပြပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြခန်းများကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

(၅၉)နှစ်မြောက်တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်နေ့စာပေအနုပညာပြိုင်ပွဲပြပွဲကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ရန်ကုန် မတ် ၂၆

(၅၉)နှစ်မြောက် တပ်မတော်နေ့ စာပေအနုပညာပြိုင်ပွဲပြပွဲဖွင့်လှစ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ကျင်းပရာ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌနှင့် (၅၉)နှစ်မြောက် တပ်မတော်နေ့ စာပေနှင့် အနုပညာပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တက်ရောက်၍ (၅၉)နှစ်မြောက် တပ်မတော်နေ့ စာပေအနုပညာပြိုင်ပွဲပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ပြပွဲဖွင့်ပွဲအခမ်းအနားသို့ ဒုတိယ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ဝင်းမြင့်၊ ဗိုလ်ချုပ်အောင်ကြည်နှင့် ဗိုလ်မှူးချုပ် ဉာဏ်ဝင်း၊(၅၉)နှစ်မြောက်တပ်မတော် နေ့ စာပေနှင့်အနုပညာပြိုင်ပွဲ ကျင်းပရေး ကော်မတီဝင်များ၊ စာပေနှင့် ဓာတ်ပုံပြပွဲကျင်းပရေးလုပ်ငန်း ကော်မတီ၊ ကဗျာနှင့် အနုပညာပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ၊ တက္ကသိုလ်၊ ကောလိပ်နှင့်အခြေခံပညာကျောင်းများ၊ စာပေအနုပညာပြိုင်ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီ၊ စာပေအနုပညာ ပြိုင်ပွဲ ပြပွဲခင်းကျင်းပြသရေး၊ နေရာ ချထားရေးနှင့် ဧည့်ခံကျွေးမွေးရေး လုပ်ငန်းကော်မတီ၊ စစ်သည်တော် ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရေး ဆုချီးမြှင့်ရေးနှင့် ဘဏ္ဍာ ရေးလုပ်ငန်းကော်မတီ၊ ဦးတည်ချက် (၁၂)ရပ် ကွန်ပျူတာ ဉာဏ်စမ်းပြိုင်ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီနှင့် ရုပ်မြင်သံကြား ပဟေဠိ ကျင်းပရေး လုပ်ငန်းကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော် မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲ များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြိုင်ပွဲ အသီးသီး၌ ဆုရရှိကြသူများ တက် ရောက်ကြသည်။

ရှေးဦးစွာ(၅၉)နှစ်မြောက် တပ် မတော်နေ့ ကျင်းပရေး ဦးစီးကော် မတီဥက္ကဋ္ဌနှင့်(၅၉)နှစ်မြောက် စာပေ နှင့် အနုပညာပြိုင်ပွဲ ကျင်းပရေး ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိ ချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက (၅၉)နှစ်မြောက် တပ်မတော်နေ့ စာပေ အနုပညာ ပြိုင်ပွဲ ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြပွဲ ဗဟိုပြကွက်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ပုံတူပန်းချီကား၊ (၅၉) နှစ်မြောက် တပ်မတော်နေ့ ဦးတည် ချက်များနှင့် ဝဲယာဘက်တို့၌ ရဲရွာ ရေအားလျှပ်စစ် စီမံကိန်းနှင့် ဧရာ ဝတီတံတား(မကွေး)ဖွင့်ပွဲပုံ ပန်းချီကား တို့ကို ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေး သည်။

ထို့နောက် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော် မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ပြပွဲ၏ ဝဲဘက်ခြမ်း၌ပြသထားသော ဂုဏ်ပြု ပန်းပုရုပ်တုများ၊ဖွံ့ဖြိုးသာယာ ပြည် မြန်မာရောင်စုံဓာတ်ပုံများ၊ဆုရရောင် စုံဓာတ်ပုံ၊ ဝတ္ထုတို၊ ဝတ္ထုရှည်ဆုရသူ များ၏ကိုယ်ရေးအချက်များ၊ "ယဉ် ကျေးမှုအမွေစောင့်ထိန်းလေ" ရောင်စုံ ဓာတ်ပုံများ၊ ရုပ်မြင်သံကြားပဟေဠိ ဆုရသူများ၏ကိုယ်ရေးအချက်များ၊ ဆုရပန်းချီလက်ရာများကိုလည်းကောင်း၊ ပြပွဲ၏ယာဘက်ခြမ်းရှိတက္ကသိုလ်၊ ကောလိပ်နှင့်အခြေခံပညာကျောင်းများ ၏ ကဗျာ၊ စာစီစာကုံး၊ ကွန်ပျူတာ ပန်းချီများ၊ ဆုရကဗျာ၊ စစ်ချီတေးများ၊ ဂုဏ်ပြုလက်ရာမွန် ပန်းချီကားများနှင့် စစ်သည်တော်ကျင့်ဝတ်၊ ကျပန်း စကားပြောပြိုင်ပွဲဆုရသူများ၏ကိုယ်ရေး အချက်များပြကွက်တို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ် သည်များကို တာဝန်ရှိသူများအား မှာကြားကာ ပြန်လည်ထွက်ခွာသွား သည်။

အဆိုပါ (၅၉)နှစ်မြောက်တပ် မတော်နေ့ စာပေအနုပညာပြိုင်ပွဲ ပြပွဲကို ယနေ့မှ ဧပြီ ၄ ရက် အထိ နေ့စဉ်ပြသထားမည်ဖြစ်ပြီး ပြပွဲ၌ပြပွဲ ဆိုင်ရာ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကို နေ့စဉ်ကျင်းပကာဆုရရှိသူများအား ထိုက်တန်စွာ ဆုချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

(၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြု

ဘူမိနက်သန် အောင်ပွဲခံ



★ နိုင်ငံ့သမိုင်း၊ တပ်သမိုင်းလျှင်
ပိုင်းခြားမရ၊ ထပ်တူကျ၏
အပြည်ပြည်ဆိုင်ရာ၊တပ်မတော်မှာလျှင်
ကာကွယ်စွမ်းအား၊ ရှိကြငြားလည်း
တို့များတပ်မတော်၊ တို့တပ်မတော်တွင်
ပေါ်လွင်အတိ၊ ဝိသေသရှိ
ထူးခြားဘိ၏။

★ အမိ၏သား၊ ပြည်ထောင်ဖွားတို့
သားများနှင့်ချည်း၊ စုဖွဲ့ပြီး၍
လွတ်လပ်တိုက်ပွဲ၊ နောက်ဆက်တွဲနှင့်
အမြဲအိမ်စောင့်၊ ဖြောင့်မတ်မှန်ကန်
အခြေခံကား၊ အမျိုးသားရေး
ထိုအတွေးမှ၊ ဘေးသို့မရောက်
မဖောက်သစ္စာ၊ စွဲမြဲကာတည့်။

★ ၁၉၄၈၊ ၅၈ ဖြစ်အင်
၆၂တွင်လည်း၊ ပြည်ကြီးပျက်သုဉ်း
ရှစ်လေးလုံးရောက်၊ မျက်မှောက်သမိုင်း
ကြမ္မာရိုင်း၏၊ လှိုင်းကြီးလေထန်
မျိုးဖျက်ရန်စွယ်၊ အသွယ်သွယ်မှ
ကယ်တင်ဆယ်မ၊ "က"ခဲ့ရအလီလီ
တပ်မတော်သည်ပင်မဟုတ်လော။

★ တို့များအခြေ၊ အမိမြေ၏
"အမြုတေ"စစ်၊ "လက်ရုံး"ဖြစ်သည့်
ရင်နှစ်သည်းချာ၊ သားရတနာတို့
နှစ်မြို့ခံယူ၊ သူမတူငြား
"သုံးပါးအရေး"၊ ဦးဆံဆွေးမျှ
မဝေးအနာဂတ်၊ မြင့်မြတ်နိုင်ငံ
ထူထောင်ရန်နှင့်၊ ဦးတည်မူချ
သတ္တမ,လျှင်၊ အကြင်"လမ်းထွင်"
လုပ်ငန်းစဉ်တည့်။

★ ရှိ/ဖြစ် တရား၊ သွေးချင်းများ၏
မွေးဖွားဇာတိ၊ အမိဤမြေ
"ကျေးလက်"တွေမှာ၊ ဟာလပ်မရှိ
မြို့၏အင်္ဂါ၊ ထင်လာစေကြောင်း
လက်ခမောင်းခတ်၊ ကြွေးကြော်အပ်၍
"နယ်စပ်ဒေသ"၊ မကျန်ရအောင်
ရောင်ရှိန်ညီးညီး၊ နည်းပေး,ညွှန်လမ်း
စခန်းအောင်မြေ၊ အထွေထွေကား
တပ်နှင့်ပြည်သူ၊ ဖေးမ,ကူလျက်
တွဲလက်မဖြုတ်၊ အနှစ်ချုပ်လျှင်
ယခင်, ယခု၊ လူမှုစီးပွား
ကြောင်းအားလျော်စွာ၊ ဖွံ့တည်လာပြီ
မြန်ပြည်ရွှေခေတ်ရောက်တော့မည်။

★ ပြည်တွင်းပြည်ပ၊ နှစ်ဌာနမှ
ကာလ,ဒေသ၊ ပယောဂနှင့်
(အ)ဟောဝတ,မြောက်၊
"ထို,သူ"ခြောက်လည်း
မကြောက်တို့တစ်တွေ၊ မသွေမယိမ်း
တိမ်းပါးမမှောက်၊ မြှောက်လည်းမမြောက်
ခြောက်လည်းမကြောက်၊ မလောက်လေးစား
ပြုငြားဘယ်သူ၊ ဘယ်သူ, ဘယ်ဝါ
လုပ်ကြံပါစေ၊ တို့တစ်တွေအမြဲ
တွဲလက်မဖြုတ်၊ အနှစ်ချုပ်"အား"
တို့"အား"အစစ်၊ ပြောထုံးဖြစ်သည်
"ထစ်ချုန်းမိုးကြိုး"အလားတည်း။

★ အမျိုးသားရေး၊ ကာကွယ်ရေးကား
ဖေးဖေးကူကူ၊ တွဲပြည်သူနှင့်
ပြည်လုံးဝန်းရံ၊ အမာခံတပ်
ညွှန်လတ်ညွှန်ရာ၊ မဟာဗျူဟာ
ဗျူဟာ–အင်္ဂါ၊ "စံပြ" "မူထုံး"
စစ်လက်ရုံးလည်း၊ ပြည့်ဘုန်းကျက်သရေ
တက်နေပမာ၊ ထက်ဝေဖြာ၍
စဉ်လာအမြဲ၊ လက်တွဲတူတူ
ညီတူညီမျှ၊ ရှိကြဝန်တာ
"ကာကွယ်စွမ်းအား–ပြည့်အင်အား"လျှင်
အကြင်"ပြည်သူ့စစ်"ဖြစ်တော့သည်။

★ ဤကားလေးလီ၊ ဦးတည်ချမှတ်
ဖော်ဆောင်အပ်သည့်၊ တပ်၏မွေးနေ့
(၅၉)ပြည့်တွင်၊ တပ်၏ဖခင်
အသွင်စံပြ၊ နာယကဖြစ်
သမိုင်းသစ်၏၊ ဖွင့်လှစ်ခွန်းခြွေ
မိန့်မှာလေသော၊ ခြေနေကြောင်းရုပ်
အထပ်ထပ်ကို၊ သုံးသပ်ကောက်နုတ်
အနှစ်ချုပ်တည့်
အလုပ်အဖြစ်ခံယူစို့။ ။

ဗလမင်းထင်

☼ ကျောဖုံးမှ

မြန်မာ့တပ်မတော်အား ဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြို့ တပ်မတော်စစ်သမိုင်းပြတိုက်၌ (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲကို ခင်းကျင်းပြသလျက်ရှိသည်။

တပ်မတော်သည် တိုင်းပြည်၌ ဘေးအန္တရာယ်ကြုံရတိုင်း ဝင်ရောက်ကာကွယ် ထိန်းသိမ်းခဲ့ရသည်ချည်းဖြစ်သည်။ နိုင်ငံတည်ငြိမ်ရေးနှင့် အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ရေးတွင် တပ်မတော်သည် အဓိကအခန်းကဏ္ဍမှပါဝင်လျက်ရှိသည်ကို သမိုင်းကြောင်းဖြစ်စဉ်တွင် ထင်ထင်ရှားရှား ပြသခဲ့ပြီးဖြစ်သည်။

ထိုသို့ နိုင်ငံ၏အဓိကအားထားရာ မြန်မာ့တပ်မတော်၏(၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ပြပွဲပြုလုပ်ရာတပ်မတော်စစ်သမိုင်းပြတိုက်သို့ မြန်မာ့အလင်း သတင်းအဖွဲ့ရောက်ရှိပြီး ပြခန်းများခင်းကျင်းပြသထားမှုနှင့်ပတ်သက်၍ မေးမြန်းခဲ့ရာ ပထမဦးစွာ နိုင်ငံတော် ဦးတည်ချက်(၁၂)ရပ် ပြခန်းတွင် ခင်းကျင်းပြသရေးလုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး(၂)နှင့် ပြခန်း တာဝန်ခံ ဗိုလ်မှူးစိုးမြင့်သိန်းက ရှင်းပြသည်။

ပထမဆုံးအနေဖြင့် နိုင်ငံတော် ဦးတည်ချက်(၁၂)ရပ် ပြခန်းတွင် နိုင်ငံရေးဦးတည်ချက်(၄)ရပ်ပြကွက်၌ နိုင်ငံတော် အကြီးအကဲပုံများ၊ ပြည်ပနိုင်ငံများနှင့် ဆက်ဆံရေးကောင်းမွန်ရန် အထူးကြိုးစားဆောင်ရွက်နေပုံများ၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းသာယာရေးနှင့်တရား ဥပဒေစိုးမိုးရေး ဆောင်ရွက်နေမှုများကို ဓာတ်ပုံကြီးများနှင့်ဝေဝေဆာဆာတင်ပြထားသည်။

စီးပွားရေးဦးတည်ချက် (၄)ရပ် ပြကွက်တွင်လည်း စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည့်အားလျော်စွာ ဆည်မြောင်း၊ တာတမံများကို တပ်မတော်သားများ၏ လုပ်အားဖြင့် ဆောင်ရွက်ခဲ့မှုများ၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်နေမှု ကွန်ပျူတာဓာတ်ပုံကြီးများမှာလည်း အသက်ဝင်လှသည်။ ကွန်ပျူတာပညာရှင်များ၏ စိတ်ကူးဉာဏ်ကောင်းစွာဖြင့် ဖော်ကျူးထားသည်မှာ အံ့သြဖွယ်ရာပင် ဖြစ်သည်။ စည်းလုံးညီညွတ်ခြင်းသည် ခွန်အား ပြကွက်တွင် မြန်မာ့လွတ်လပ်ရေးရရှိရန်ကြိုးစားရပုံကိုဖော်ပြထားရာ စိတ်ဝင်စားဖွယ် ကောင်းလှသည်။

လူမှုရေးဦးတည်ချက်ပြကွက်တွင်လည်း အမျိုးဂုဏ်၊ ဓာတိဂုဏ် မြင့်မားလာရေးအတွက် ဓာတ်ပုံကြီးများ၊ နိုင်ငံတော်အတွက် ပြည်ပအားကစားပြိုင်ပွဲများမှ ဆုရခဲ့သော အားကစားမောင်မယ်တို့ဓာတ်ပုံများ၊ အမျိုးသားယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းကာကွယ်ရန်လိုအပ်ပုံများကိုဓာတ်ပုံများဖြင့်ဝေဝေဆာဆာ ဖော်ပြထားသည်။

မူဝါဒလမ်းစဉ်(၇)ရပ်

နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အား ကြိုဆိုထောက်ခံသည့် ပြကွက်တွင် ကွန်ပျူတာစနစ်သုံးရုပ်လုံးကြွဓာတ်ပုံများကို ခင်းကျင်းပြသထားရာ စွဲဆောင်မှုရှိလှပေသည်။ပြခန်းအဝင်၌**“နိုင်ငံတော်အနေဖြင့် ဖြူသည်မည်းသည်၊ နီးသည်ဝေးသည် ခွဲခြားမှုမရှိ တိုင်းရင်းသားအားလုံးတစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်ရေးကို အစွမ်းကုန်ဖြည့်ဆည်းပေးနေသည်”**ကို ပေါ်လွင်အောင် ရေးသားထားသော စာတန်းကြီးကလည်း အထင်ကရရှိလှသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်ပြခန်းများတွင် စစ်တိုင်းအလိုက် တပ်မတော်သားများ၏ နိုင်ငံတော်ကာကွယ်ရေးကြိုးပမ်းမှုများ၊ ပြည်သူ့အကျိုးစီးပွားသယ်ပိုးရာတွင် ပြည်သူများနှင့်အတူ လက်တွဲဆောင်ရွက်နေမှုဓာတ်ပုံများ၊ ပြည်တွင်းပြည်ပအန္တရာယ်များကို တားဆီးကာကွယ်နေပုံများကို ဓာတ်ပုံများ၊ ရုပ်တုများ၊ ပန်းချီကားပေါင်းများစွာဖြင့် ဖွဲ့စည်းတင်ပြထားသည်မှာ တပ်မတော်နှင့်ပြည်သူတစ်သားတည်းတည်ရှိနေမှုကို အထင်းသားမြင်တွေ့ရသည်။

ထို့ပြင် တိုင်းစစ်ဌာနချုပ်များအလိုက် ကဏ္ဍစုံတွင် ရရှိခဲ့သော ဆုတံဆိပ်များ၊ တိုင်းစစ်ဌာနချုပ်အလိုက် လမ်းတံတား၊ အဆောက်အအုံများကို တပ်မတော်နှင့် ပြည်သူလက်တွဲဆောင်ရွက်ခဲ့သည့် ပုံစံငယ်များ၊ ကျေးရွာဒေသတွင် တပ်မတော်သားတို့ တက်တက်ကြွကြွဖြင့် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍစုံတွင် ဆောင်ရွက်နေကြပုံကို ရုပ်လုံးကြွများ၊ ရုပ်တုများဖြင့် ပြသထားသည်မှာ မြင်တွေ့ရသူအဖို့ ပီတိဖြစ်စရာများပင်ဖြစ်သည်။

မြန်မာ့စစ်သူရဲကောင်း

တစ်ဖန် သမိုင်းတွင် ထင်ရှားခဲ့သော မြန်မာ့စစ်သူရဲကောင်းများကိုလည်း တိုင်းစစ်ဌာနချုပ်အလိုက် ရုပ်တုများ၊ ပန်းချီကားချပ်ကြီးများ၊ နံရံဆေးပန်းချီများဖြင့် ဖော်ပြထားသည်မှာလည်း ပိုမိုပေါ်လွင်လာစေသည်။

တိုင်းစစ်ဌာနချုပ်များအလိုက် ကဏ္ဍစုံပြကွက်တွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ပြခန်းများမှ သမိုင်းတွင်ထင်ရှားခဲ့သော ဘုရင့်နောင်၏ စစ်ချီပုံ ပန်းချီကားကို အားမာန်အပြည့် ဝင့်ထည်စွာ တွေ့ရစဉ်။
ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)

တပ်မတော်(ရေ) ပြခန်းတွင် ပြခန်းတာဝန်ခံ ဒုအရာခံဗိုလ်ဘအောင်က ပြောကြားရာတွင် “ပြခန်းတွင် ပြကွက် ၁၅ ခုရှိပြီး ဓာတ်ပုံ ၄၀၀ နီးပါးပြသထားပါကြောင်း၊တပ်မတော်(ရေ)နှင့် သက်ဆိုင်ရာ ပုံစံငယ်များ ပြုလုပ်ပြသထားပြီး နံရံပန်းချီကားကြီးပေါင်း ငါးချပ်နှင့် ရုပ်တုများလည်း ပြသထားပါကြောင်း၊ တော်ဝီဒိုအမည်ရှိ ပန်းချီကားကြီးမှာ သုံးဘက်မြင် ပန်းချီကားကြီး ဖြစ်ပါကြောင်း၊ ပြပွဲသို့လာရောက် သူများအတွက် ယင်းပန်းချီကားကြီးမျိုးနှစ်ခုကို အထူးရေးဆွဲထားပါကြောင်း”မြန်မာ့အလင်းသို့ ပြောကြားသည်။

တပ်မတော်(ရေ)ပြခန်း

တပ်မတော်(ရေ) ပြခန်းတွင် စစ်ရေယာဉ် မေယု သင်္ဘောပုံ ပန်းချီကားနှင့် ပုံစံငယ်မှာ အထူးစိတ်ဝင်စားစရာကောင်းလှပေသည်။ မေယု စစ်ရေယာဉ်ကို ၁၉၄၇ ခုနှစ် မေ ၂၅ ရက် မှ ၁၉၇၉ ခုနှစ် စက်တင်ဘာ ၂၈ ရက်ထိ တပ်မတော်(ရေ)၏ ပထမဦးဆုံး အလံတင် စစ်ရေယာဉ်အဖြစ် အသုံးပြုရာတွင် လည်းကောင်း၊ အချုပ်အခြာအာဏာ ထိန်းသိမ်းကာကွယ်ရာတွင် လည်းကောင်း၊ တပ်မတော်(ရေ)အရာရှိ၊ စစ်သည်များအား ရေကြောင်းပညာရပ်များ သင်ကြားရာတွင် လည်းကောင်း ၃၂ နှစ်ကြာ အသုံးပြုခဲ့ကြောင်း သိရသည်။

ထို့ပြင် တပ်မတော်(ရေ)မှအသုံးပြုခဲ့သော ရေယာဉ်တင် အမြောက်များ၊ ဝက်ကော်တိုက်ပွဲဖြစ်ပွားရာ နေရာတွင် ရေယာဉ်တင်အမြောက်ဖြင့် ပစ်ခတ်တိုက်ပွဲဝင်နေပုံ ပန်းချီကားကြီးများက စိတ်ဝင်စားဖွယ် အမြင်အာရုံကို ဖမ်းစားလျက်ရှိသည်။

တပ်မတော်(ရေ)ပြခန်းတွင် ပြသထားသော စစ်ရေယာဉ် မေယုသင်္ဘော မြန်မာ့ရေပြင်ပိုင်နက် လုံခြုံရေးအတွက်တာဝန်ထမ်းဆောင်နေမှု ဓာတ်ပုံမှတ်တမ်း။ ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)



တပ်မတော်(လေ)ပြခန်း

တပ်မတော်(လေ) ပြခန်းတွင် ပြခန်းတာဝန်ခံ အုပ်ခွဲတပ်ကြပ်ကြီး မျိုးမြင့်က “ပြခန်းတွင် လေယာဉ်အကြီးအသေး၁၉စင်း၊ ဓာတ်ပုံပေါင်း ၂၇၀ခန့်နှင့် တပ်မတော်(လေ)မှ သမိုင်းအစဉ်အဆက်အသုံးပြုခဲ့သောလေယာဉ်ပုံစံငယ်များ၊ တပ်မတော် (လေ)၏ တံဆိပ်နှင့် အလံများ၊ ပြည်ပနိုင်ငံများမှ တပ်မတော်(လေ)အား ပေးအပ်ချီးမြှင့်ခဲ့သော အထိမ်းအမှတ် တံဆိပ်များ၊ ရုပ်လုံးရုပ်ကြွများဖြင့် ပြုလုပ်ထားသော သဲမြေပုံပြကွက်၊ လေယာဉ်အင်ဂျင်များ၊ လက်နက်များ စသည်တို့ကို ပြသထားပါကြောင်း”ပြောကြားသည်။

တပ်မတော်(လေ)ပြခန်းအပေါ်ထပ်တွင် တပ်မတော်(လေ)ဖွဲ့စည်းမိန့်နှင့် သမိုင်းမှတ်တမ်းဓာတ်ပုံများ ပြကွက်၊ ကာကွယ်ရေးဦးစီးချုပ်(လေ)လှုပ်ရှားမှုမှတ်တမ်းတင် ဓာတ်ပုံများပြကွက်၊ လေယာဉ်ပုံစံငယ်များ၏ ပဒေသာမြစ်ဆုံပြကွက်၊ ကာကွယ်ရေးဦးစီးချုပ်(လေ)မောင်းနှင်ခဲ့သော လေယာဉ်များပြကွက်များကို ပြသထားသည်။

ထို့ပြင် လေယာဉ်ရုံအတွင်း ချိတ်ဆွဲလျက်ပြသထားသောလေယာဉ်အမျိုးအစားခြောက်မျိုး၊ တိုက်လေယာဉ်များကို ပြသထားသည်မှာ လေယာဉ်အုပ်စုကြီးတစ်ခုထဲသို့ရုတ်တရက် ရောက်ရှိသွားသလို ခံစားရပေသည်။ တပ်မတော်(လေ)၏ ဖြူစင်သန့်ရှင်းသော စိတ်ထားဖြင့် အပြာရောင်မိုးကောင်းကင်မှ ရွှေဝါရောင်လွှမ်းသော အမိမြန်မာပြည်အား ကာကွယ်နေမှုကို လေးစားစိတ် ဖြစ်ပေါ်ရသည်။



နိုင်ငံတော်ဦးတည်ချက်(၁၂)ရပ်ပြခန်းတွင် ဖွံ့ဖြိုးတိုးတက်နေသော အဆောက်အအုံများပြကွက်မှ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အား ကြိုဆိုထောက်ခံမှုပြကွက်။
ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)

တပ်မတော်မော်ကွန်းတိုက်မှူးရုံး ပြခန်းသည် ပထမထပ်တွင်ရှိပြီး တပ်မတော်သားတို့ ရုပ်တုများ၊ လက်နက် အသုံးအဆောင်များ၊ အမှတ်တံဆိပ်များကို ရုပ်တု၊ ပန်းချီ၊ ဓာတ်ပုံ၊ ပုံစံ များ၊ ပစ္စည်းအစစ်များဖြင့် ပြသထားသည်မှာ ဗဟုသုတများစွာ ရရှိစေမည် ဖြစ်သည်။

တပ်မတော်(လေ) ပြခန်းတွင် လေယာဉ်အမျိုးအစားများနှင့် တိုက်လေယာဉ်များအား လေယာဉ်အုပ်စုကြီးသဖွယ် ပြသထားသည့် ပြကွက်ကို တွေ့ရစဉ်။ ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)

ဖွံ့ဖြိုးတိုးတက်ရေး

တိုင်းကျိုးပြည်ပြုပြခန်းသည်လည်း တပ်မတော် စစ်သမိုင်းပြတိုက်၏ ပထမထပ်တွင်ရှိကာ နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တပ်မတော်သားများ လုပ်အားဖြင့် ဆောင်ရွက်ခဲ့ပုံများ၊ နိုင်ငံတော်အကြီးအကဲ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လမ်းညွှန်နေပုံများ၊ ဖွံ့ဖြိုးတိုးတက်လာသော အခြေအနေပြ ဓာတ်ပုံမှတ်တမ်းများကို ပြသထားသည်မှာ တပ်မတော်နှင့်ပြည်သူတစ်သားတည်းရှိနေပုံများကို မျက်ဝါးထင်ထင် တွေ့မြင်သလို ခံစားရပေသည်။

ကာကွယ်ရေး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံးများ ပြခန်းသည် အပေါ်ဆုံးအထပ်တွင်ရှိပြီး တပ်မတော်၏ စစ်လက်နက်ပစ္စည်းများ၊ ဆက်သွယ်ဆောင်ရွက်မှုများ၊ အထိမ်းအမှတ်ပစ္စည်းများ၊ ရုပ်တုများ၊ ပုံစံငယ်များ၊ ဓာတ်ပုံများ၊ ပန်းချီကားများဖြင့် ဝေဝေဆာဆာ ခင်းကျင်းပြသထားသည်မှာ စိတ်ဝင်စားဖွယ်ရာ ဖြစ်သည်။

ဝန်ကြီးဌာန ပြခန်းများတွင် (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသော အထိမ်းအမှတ်အဖြစ် ဝန်ကြီးဌာနအလိုက် ထုတ်ကုန်ပစ္စည်းများ၊ ဆောင်ရွက်နေမှုများ၊ တိုးတက်ဖြစ်ထွန်းမှုများ၊ အသစ်တွေ့ရှိချက်များကို ကဏ္ဍစုံလင်စွာ ခင်းကျင်းပြသထားသည်မှာ ဝန်ကြီးဌာန အားလုံးကို တစ်နေရာတည်းတွင် အချိန်တိုအတွင်း စုံလင်စွာ လေ့လာကြည့်ရှုနိုင်သည့် အခွင့်အရေးရရှိစေမည် ဖြစ်သည်။

မြင့်မြတ်သည့်ဂုဏ်ဒြပ်

ထို့ကြောင့် မြန်မာ့တပ်မတော်၏ မြင့်မြတ်သည့် ဂုဏ်ဒြပ်ကို လေးစားဂုဏ်ပြုသော အထိမ်းအမှတ်အဖြစ် အများပြည်သူတို့အတွက် ဖွင့်လှစ်ပြသထားသော (၅၉)နှစ်မြောက် တပ်မတော်နေ့ပြပွဲသို့ သွားရောက်ကြည့်ရှုသင့်ပါကြောင်း လေ့လာ ရေးသားလိုက်ပါသည်။ ။ **(မြန်မာ့အလင်း)**

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများ တတိယအကြိမ် ဘက်စုံအလှူငွေပေးအပ်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်း မိသားစုက အလှူငွေများကိုပေးအပ်လှူဒါန်းရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံက လက်ခံယူစဉ်။ (သတင်းစဉ်)

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးနှင့်သာသနိကအဆောက်အအုံများ ဘက်စုံပြန်လည်ပြင်ဆင်မွမ်းမံတည်ဆောက်ရေးအတွက်အလှူငွေပေးအပ်

ရန်ကုန် မတ် ၂၆

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများ တတိယအကြိမ် ဘက်စုံပြန်လည်ပြင်ဆင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းများအတွက် ပထမအကြိမ်အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ဓမ္မာရုံသစ်ကြီး၌ကျင်းပရာ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ဘက်စုံပြန်လည်မွမ်းမံတည်ဆောက်ရေး ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ငွေဦး၊ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်တာဝန်ရှိသူများ၊ စစ်ဒေသမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဂေါပကဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အလှူရှင်များတက်ရောက်ကြသည်။

အစီအစဉ်အရ ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီးနှင့် သာသနိက အဆောက်အအုံများ ဘက်ဆုံပြန်လည် ပြင်ဆင်မွမ်းမံတည်ဆောက်ရေး ဗဟို ဦးစီးကော်မတီဥက္ကဋ္ဌက တတိယ အကြိမ် ဘက်စုံပြန်လည်ပြင်ဆင်မွမ်းမံ တည်ဆောက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တတိယအကြိမ် ဘက်စုံ ပြန်လည်ပြင်ဆင်မွမ်းမံတည် ဆောက်ရေး လုပ်ငန်းများအတွက် အလှူရှင်များက အလှူငွေများကို ပေးအပ်ရာ ရွှေဘုန်းပွင့်စေတီတော် ရွှေဘုံသာတိုက်ကျောင်း ဆရာတော် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် သာသနာ့ဗေဒေသီရိပဝရ ဘဒ္ဒန္တဝါယမ က ငွေကျပ် နှစ်သိန်း၊ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည် ဝင်း မိသားစုက ငွေကျပ် သုံးသိန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်၊ ဝန်ထမ်းမိသားစုများက ငွေကျပ် သုံးသိန်း၊ သမဝါယမဝန်ကြီး ဌာနဝန်ကြီးဗိုလ်ချုပ်ငွေဦးက ငွေကျပ် သုံးသိန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူး ချုပ်ပြည့်စုံက ငွေကျပ် သုံးသိန်း၊ ဇရာမင်းသိန်း ဆောက်လုပ်ရေးကုမ္ပဏီ (မန္တလေး)က ငွေကျပ် ၂၄၃၀၀၀၀၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့်ဇနီး ဒေါ်တင်တင်နွယ် မိသားစုက ငွေကျပ် ၁၀၀၀၀၀၊ ဦးဝင်းမော်-ဒေါ်ခင်ခင် လေး (Forever)က ငွေကျပ် ၁၀ သိန်း၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်သိန်းနှင့် ဝန်ထမ်းမိသားစုက ငွေကျပ် ၁၀ သိန်း၊ မြန်မာ့ရုပ်ရှင် လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်နှင့် ဝန်ထမ်းမိသားစုက ငွေကျပ် ခုနစ်သိန်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့်ဝန်ထမ်းမိသားစုက ငွေကျပ်ငါးသိန်း၊ အကောက်ခွန်ရိပ်သာ မှ ဗိုလ်မှူးလှိုင်မင်းထွန်းက ငွေကျပ် ခုနစ်သိန်း၊ ရန်ကျုံးမိသားစုကငွေကျပ် ခုနစ်သိန်း၊ ဗိုလ်မှူးကြီးနေဝင်း၊ ဒေါ်စောသိန်း မိသားစုက ငွေကျပ် ငါးသိန်း၊ ဦးဝင်းမြင့်-ဒေါ်ယဉ်ယဉ် ကြည် မိသားစုက ငွေကျပ် ငါးသိန်း၊ ဦးထွန်းတင်-ဒေါ်ခင်လှမြင့် မိသားစု က ငွေကျပ် ငါးသိန်း၊ ဒေါ်ခင်တီတီ မိသားစုက ငွေကျပ် ငါးသိန်း၊ ဒေါ်နုနု ယဉ်၊ ဒေါ်ဆွေဆွေဝင်း မိသားစုက ငွေကျပ် ငါးသိန်း၊ ဦးပါပိတ်-ဒေါ်လှ လှကြည် မိသားစုက ငွေကျပ်ငါးသိန်း၊ ဦးလှမင်း-ဒေါ်ခင်မာဝေ မိသားစုက ငွေကျပ် ငါးသိန်း၊ ဗီဒီယိုသရုပ်ဆောင် လှမျိုးသဉ္ဇာနွယ်က ငွေကျပ်ငါးသိန်း၊ ဆောင်းသဇင်ထရေးဒင်းမှ ဦးအောင် ကျော်မြင့်က ငွေကျပ် ၄၅၀၀၀၀၊ အလုံမြို့နယ်မှ ဦးထွန်းလှိုင်-ဒေါ်အေး ရင် မိသားစုက ငွေကျပ် ၄၅၀၀၀၀၊ ဦးသန်းဝင်း မိသားစုက ငွေကျပ် ၂၈၅၀၀၀၊ ဦးဝင်းထိန်၊ ဦးဝင်းစိန် မိသားစုက ငွေကျပ် ၂၈၃၃၀၀၊ ဦးအုန်း လွင်၊ ဒေါ်နီတာ မိသားစုက ငွေကျပ် ၂၄၀၀၀၀၊ ဒေါ်အမာ မိသားစုက ငွေကျပ် ၂၀၀၀၀၀၊ ဦးဖြိုးမင်းသိန်း မိသားစု၊ ဦးလှမြင့်မောင်၊ ဒေါ်စုစုသီ မိသားစု၊ ဦးခင်မောင်အေး၊ ဒေါ်အုန်း ကြွယ် မိသားစု၊ ဦးမျိုးညွန့်၊ ဒေါ်ခင် သန်းနွယ် မိသားစု၊ ဦးအောင်သန်း မိသားစု၊ မခိုင်စုဝေ မိသားစု၊ ဦးကျင် စိန်၊ ဒေါ်ခင်ရီ မိသားစု၊ ဒေါ်ခင်ခင် စန်းနှင့်မိသားစု၊ ဒေါ်ဝင်းဝင်းသန်း၊ ဒေါက်တာမြင့်ဟန်၊ ဒေါ်ခင်မြင့်ခိုင်မိ သားစု၊ ဦးဇော်မင်း၊ ဒေါက်တာဒေါ်ခင် အေးမူ မိသားစုတို့က ငွေကျပ် ၂၀၀၀၀၀စီ၊ ဦးညွန့်နှင့် မိသားစုက ငွေကျပ် ၁၉၀၀၀၀၊ မခင်ဝင်းနှင့် မောင်မျိုးအောင် မောင်နှမတစ်စုက ငွေကျပ် ၁၈၅၀၀၀၊ မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းလှ အောင်နှင့်ဝန်ထမ်းမိသားစုက ငွေကျပ် ၂၅၀၀၀၀၊ ဦးထွန်းအောင်ကျော် မိသားစုနှင့် ဦးနိုင်နိုင်၊ ဒေါ်စိန်းဝင်း မိသားစုတို့က ငွေကျပ် ၁၈၅၀၀၀၊ ဦးဖုန်ငွေ-ဒေါ်သီတာ မိသားစုက ငွေကျပ် ၁၆၈၄၀၀၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန် ကြားရေးမှူးချုပ် ဦးချစ်နိုင်နှင့်ဝန်ထမ်း မိသားစု၊ ဗိုလ်ကြီးမြင့်ထွေး မမိုးစန္ဒာ မြင့် မိသားစု၊ ဦးမောင်ကြူနှင့်မိသားစု၊ ဒေါ်သန်းရင် မိသားစု၊ ဦးမြင့်ဦး-ဒေါ်စန်းရီမိသားစု၊ ဦးကိုကို၊ ဒေါ်အမာ မိသားစု၊ ဦးမောင်မောင်ကြီး၊ ဒေါ်ကျင် သန်း မိသားစု၊ ဦးမြင့်သိန်း-ဒေါ်စန်း စန်းမြင့် မိသားစု၊ ဒေါ်နုနုယဉ်၊ ဒေါ်ဆွေဆွေဝင်း၊ ဒေါက်တာသန်းဝင်း ညွန့် မိသားစု၊ ဦးဝေကြူ၊ ဒေါ်ခင် မာမာ မိသားစု၊ ဦးသက်နောင်- ဒေါ်ရွှေမေ မိသားစု၊ ဗိုလ်ကြီးအောင်သန်း စိုး-ဒေါ်မိုးမိုးအောင် မိသားစု၊ ဦးကျော် ဟန်-ဒေါ်လှကြည် မိသားစုနှင့် ဦးထွန်းရီ၊ ဒေါ်ဝင်းကြိုင် မိသားစုတို့က ငွေကျပ် ၁၅၀၀၀၀စီ၊ ဒေါ်ကျင်အေးနှင့် ညီမများ၊ ဒေါ်ရှုတင်၊ ဒေါ်သန်းကြည် မိသားစုတို့က ငွေကျပ် ၁၃၅၀၀၀စီ၊ ဒေါ်သိန်းနှစ် မိသားစု၊ ဗိုလ်မှူးကြီး တင်မောင်မြင့်၊ ဗိုလ်ကြီးသန်းသန်းမြင့် မိသားစုတို့က ငွေကျပ် ၁၃၀၀၀၀စီ၊ ဦးကင်ဝိုး-ဒေါ်သန်းသန်းဌေး မိသားစု က ငွေကျပ် ၁၂၀၀၀၀၊ ဦးတင်ဝင်း- ဒေါ်သန်းသန်းချို မိသားစု၊ ကွယ်လွန် သူဖခင်ကြီး ဦးလှထွန်းအား ရည်စူး၍ မိသားတစ်စုတို့ကငွေကျပ် ၁၁၀၀၀၀စီ၊ ဦးရီဝင်း-ဒေါ်ဌေးဌေးအောင် မိသားစု က ငွေကျပ် ၁၀၄၀၀၀၊ ဒေါ်ခင်ခင်ဝင်း မိသားစု၊ ဦးအေးသိန်း၊ ဒေါ်ခင်အေးမြင့် မိသားစု၊ ဦးသောင်းမြင့်-ဒေါ်မျိုးမြင့် ထွေး မိသားစု၊ ဦးမြင့်ထူး-ဒေါ်အေး အေးဝင်း မိသားစု၊ ဒေါ်တင်နု၊ ဒေါ်သန်းကြည်၊ ဒေါ်ခင်ခင်အေး မိသားစု၊ ဦးအံ့ကျော်-ဒေါ်အေးအေး သိန်း မိသားစု၊ မိခင်ကြီး ဒေါ်ရင်မေ အားရည်စူး၍ သားသမီးတစ်စု၊ ကိုတင် မောင်စိုး၊ SPAM ကုမ္ပဏီမိသားစု၊ ဒေါ်ခင်ခင်ရီနှင့် မိသားစု၊ ဒေါ်တင် တင်ကြီး မိသားစု၊ ဒေါ်သန်းရီနှင့် မိသားစု၊ ဒေါ်ဌေးတင် မိသားစုတို့က ငွေကျပ် ၁၀၀၀၀၀စီနှင့် ကျပ်တစ်သိန်း အောက် အလှူရှင်များ၏ စုပေါင်း လှူဒါန်းငွေကျပ် ၁၆၄၂၀၆၃၅ ကို ပုဇွန် တောင်မြို့နယ် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကလည်း ကောင်း ပေးအပ်လှူဒါန်းကြရာ ဝန်ကြီး များဖြစ်ကြသည့် ဗိုလ်မှူးချုပ်ပြည့်စုံ၊ ဗိုလ်မှူးချုပ်သိန်းဇော်၊ ဗိုလ်ချုပ်ငွေဦး၊ ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဗိုလ်မှူးချုပ် သူရမြင့်မောင်နှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းတို့က လက်ခံ ကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး များနှင့်အဖွဲ့သည် စေတီတော်မြတ်ကြီး အားကြည်ညို၍ သာသနိကအဆောက် အအုံများကို လှည့်လည်ကြည့်ရှုကြ သည်။

တတိယအကြိမ် ဘက်စုံပြန်လည် တည်ဆောက်ရေးလုပ်ငန်းများအတွက် ပထမအကြိမ် အလှူငွေပေးအပ်ပွဲတွင် အလှူရှင်များက အလှူငွေ စုစုပေါင်းငွေ ကျပ် ၄၄၄၉၈၂၁၀ ကို ပေးအပ်လှူဒါန်း ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို သံလွင်တံတား(မော်လမြိုင်)အပြီးသတ်ရွှေမှုလီတပ်ဆင်ပေး

ရန်ကုန် မတ် ၂၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ရေး စီမံကိန်း၏ အပြီးသတ်ရွှေမှုလီတပ်ဆင်ခြင်းမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါသံလွင်တံတား (မော်လမြိုင်)တည်ဆောက်ရေးစီမံကိန်း၏ ပင်မတံတားရေလယ်တိုင်အမှတ် RP. 10 ပေါ်ရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တက်ရောက်ချီးမြှင့် အမှာစကားပြောကြားပြီး သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ရေးစီမံကိန်း၏ အပြီးသတ် ရွှေမှုလီကိုတပ်ဆင်ပေးသည်။

အဆိုပါ မင်္ဂလာအခမ်းအနားသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူး ချုပ်အုန်းမြင့်၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်အောင်မင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှတာဝန်ရှိပုဂ္ဂိုလ် များနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ နိုင်ငံ တော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကား ပြောကြားရာတွင် မွန် ပြည်နယ်အတွင်း မြို့တော်မော်လမြိုင် နှင့် မုတ္တမကမ်းဘက် သံလွင်မြစ်ဝ ကိုဖြတ်ကျော်ပြီး ကားလမ်း၊ ရထား လမ်း၊ လူကူးလမ်းများဖြင့် ဆက်သွယ် ပေးမည့် သံလွင်တံတား(မော်လမြိုင်) ၏သံပေါင်းများတပ်ဆင်ရာမှာ ပြီးစီး တော့မည်ဖြစ်၍ အပြီးသတ်အဆင့် ရွှေမှုလီတပ်ဆင်သည့် အခမ်းအနားကို (၅၉)နှစ်မြောက် တပ်မတော်နေ့အား ကြိုဆိုဂုဏ်ပြုသည့်အနေနှင့် မင်္ဂလာ ရှိစွာ ကျင်းပခြင်းဖြစ်ကြောင်း။

ဤတံတားသည် ရန်ကုန်မြို့မှ မိုင်ပေါင်း ၈၄၂ မိုင် ဝေးကွာသော မြန်မာပြည်တောင်ဘက်ဖျားရှိ ကော့ သောင်းမြို့မှနေ၍ မြိတ်-ထားဝယ်- မော်လမြိုင်-ရန်ကုန်ကို ဆက်သွယ် ထားသည့် ပြည်ထောင်စု ကားလမ်းမ ကြီးပေါ်တွင်တည်ရှိကြောင်း၊ တံတား ၏အရှည်မှာ ရေလယ်တွင် အလျား ၇၆၉၉ ပေနှင့်ချဉ်းကပ်တံတားနှစ်ဖက် ၏အရှည် ၃၈၇၆ပေစုစုပေါင်း ၁၁၅၇၅ ပေ၊ နှစ်မိုင်ကျော်ရှည်လျားကြောင်း၊ တန်ချိန် ၆၀ခံနိုင်ဝန်အားရှိသည့် ကား နှင့်ရထားပါဖြတ်သန်းနိုင်သော ကမ္ဘာ့ စံချိန်မီ တံတားကြီးဖြစ်ကြောင်းကို လည်း အသိပေးတင်ပြလိုကြောင်း ရထားလမ်းမပါ ကားကူးတံတား သက်သက် မြန်မာကျပ်ငွေ သန်းပေါင်း ၂၀၅၇၉ သန်းကျော်နှင့် အမေရိကန် ဒေါ်လာ ၁၃သန်းခန့် တန်ဖိုးကြီးမား ကြောင်းကိုလည်းအသိပေးလိုကြောင်း။ အားလုံး တန်ဖိုးစုစုပေါင်းကို မြန်မာ ကျပ်ငွေနှင့်တွက်လျှင် စုစုပေါင်းကျပ် သန်း ပေါင်း ၃၅၀၀၀ကျော် ကုန်ကျ မှာဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် ယနေ့အထိ ပေ ၁၈၀နှင့်အထက်တံတားပေါင်း၁၆၉ခု တည်ဆောက်ပေးခဲ့ပြီးဖြစ်ရာ တစ်နိုင်ငံ လုံး၌ အရှည်ဆုံးနှင့် အခံ့ညားဆုံး တံတားတစ်ခုကို ပြပါဆိုလျှင် ဤ တံတားကိုပြရမှာဖြစ်ကြောင်း၊ နိုင်ငံ အတွင်းမှာ ထပ်မံတည်ဆောက်မည့် အကြီးအင်ဂျင်နီယာလုပ်ငန်းများ လုပ် ကိုင်နေသော တံတား ၂၇ စင်းနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုလျှင်လည်း ယခု တံတားကြီးကို အရှည်အားဖြင့် မီလာ စရာ အကြောင်းမရှိနိုင်ကြောင်း၊ ဤ တံတားကြီး၏တည်ဆောက်မှု စတင် သည်မှစပြီး ယခုအချိန်ထိ ဆောက် လုပ်ရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာ အဆင့်ဆင့်များသည် တိုင်းတစ်ပါးက ပညာရှင်များနှင့်နည်းပညာအကူအညီ လုံးဝမပါရှိဘဲ မိမိနိုင်ငံအတွင်းရှိ နိုင်ငံ သားများနှင့်မိမိနိုင်ငံပိုင် အတတ်ပညာ၊ လူ့စွမ်းအားအရင်းအမြစ်များဖြင့်သာ တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ မြန်မာတစ်မျိုးသား လုံးအတွက် ဂုဏ်ယူဝင့်ကြွားစရာဖြစ် သကဲ့သို့ တံတားကြီး မွေးဖွားသန့်စင် တည်ရှိရာ မွန်ပြည်နယ်နှင့် ဒေသ ပြည်သူများအတွက်ပါ ဂုဏ်ယူစရာ အတိဖြစ်ကြောင်းကို ပြောကြားလို ကြောင်း။

အချုပ်အားဖြင့် မကြာမီမှာတပ်ဆင် တော့မည့် အပြီးသတ် ရွှေမှုလီများ တပ်ဆင်ပြီးသည်နှင့်သက္ကရာဇ် ၂၀၀၄ ခုနှစ် ဒီဇင်ဘာလမှာ ဖွင့်လှစ်မည့် ဤမဟာတံတားကြီး၏ အောင်မြင်မှု များနှင့်အတူ မွန်ပြည်နယ်ရှိ ဒေသခံ တိုင်းရင်းပြည်သူများသည်လည်း ဘဝ တိုးတက်မှုများ၊ စီးပွားရေးအခွင့် အလမ်းကောင်းများ ပွင့်လန်းလာပြီး ကျန်းမာသက်ရှည်စွာဖြင့် နောင်လာ လတ္တံ့သော သားစဉ်မြေးဆက်တို့ အတွက် အမွေအနှစ်ကောင်းတစ်ခု အဖြစ် ပေးခဲ့နိုင်ပါစေကြောင်းနှင့် ဤတံတားကြီးကို သားစဉ်မြေးဆက် ခံစားနိုင်အောင် တည်တံ့ခိုင်မြဲစေရေး အတွက် ကာကွယ်ထိန်းသိမ်း စောင့် ရှောက်ပေးကြပါဟု ပြောကြားလို ကြောင်း။

ထို့ပြင် ဤတံတားကြီးကို ဤမျှ ခရီးရောက်အောင် ကြိုးပမ်းဆောင်ရွက် ခဲ့ကြသော ဆောက်လုပ်ရေးဝန်ကြီး ဌာန ဝန်ကြီးနှင့်တကွ အဆင့်ဆင့် သော ဝန်ထမ်းများ၊ ဝိုင်းဝန်းကူညီ စောင့်ရှောက်ခဲ့ကြသော တိုင်းမှူးနှင့် တကွ အုပ်ချုပ်ရေးယန္တရားမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာဝန်ထမ်း များ၊ အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ် အားလုံးကို နိုင်ငံတော်အေးချမ်းသာ ယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကိုယ်စား ကျေးဇူးဥပကာရ တင်ရှိပါကြောင်း မှတ်တမ်းတင်ပြောကြားရင်း နိဂုံးချုပ် အပ်ပါကြောင်းဖြင့် ပြောကြားသွား သည်။

ဆက်လက်၍ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်း က သံလွင်တံတား(မော်လမြိုင်)တည် ဆောက်ရေး စီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မွန်ပြည်နယ်အေး ချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်သူရ မြင့်အောင်၊ ဝန်ကြီးဗိုလ်ချုပ်စောထွန်း နှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း တို့သည် အပြီးသတ်ရွှေမှုလီတပ်ဆင် မည့် သံလွင်တံတား (မော်လမြိုင်) RP.10 ပေါ်ရှိ သတ်မှတ်နေရာ အသီး သီးတို့တွင် နေရာယူကြသည်။

ထို့နောက် မင်္ဂလာအချိန်ကျ ရောက်သည်နှင့် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘို၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရ မြင့်အောင်၊ ဆောက်လုပ်ရေးဝန်ကြီး ဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့က သံလွင် တံတား(မော်လမြိုင်) တည်ဆောက် ရေး စီမံကိန်း၏ အပြီးသတ်ရွှေမှုလီ တို့ကို သတ်မှတ်သံမဏိသံပေါင်နေရာ အသီးသီးတို့၌တစ်ပြိုင်တည်း တပ်ဆင် ပေးကြပြီး အပြီးသတ် ရွှေမှုလီများ အပေါ် အမွှေးနံ့သာရည်တို့ဖြင့် ပက် ဖျန်းပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်သူရ မြင့်အောင်နှင့် အဖွဲ့ဝင်များသည် တည်ဆောက်ရေးဝန်ထမ်းများနှင့်အတူ သံလွင်တံတား (မော်လမြိုင်)ပေါ်၌ မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ကြ သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်သူရ မြင့်အောင်နှင့် ဝန်ကြီးများ၊ အဖွဲ့ဝင် များ၊ ဧည့်သည်တော်များသည် သံလွင် တံတား(မော်လမြိုင်)ပေါ်မှမော်လမြိုင် မြို့ဘက်ကမ်းသို့ ဖြတ်သန်းကြည့်ရှုပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သံလွင်တံတား (မော်လမြိုင်)မှာ ရန်ကုန် - မော်လမြိုင်-မြိတ်-ကော့ သောင်းလမ်းပေါ်တွင် တည်ရှိပြီး မွန် ပြည်နယ် မော်လမြိုင်မြို့ရှိ သံလွင်မြစ် ကိုဖြတ်ကျော်ကာ မော်လမြိုင်မြို့နှင့် ပေါင်မြို့နယ် မုတ္တမတို့ကို ဆက်သွယ် ပေးမည့် တံတားကြီးဖြစ်သည်။

ကားလမ်းအနေဖြင့် မော်လမြိုင် ဘက်ကမ်း ချဉ်းကပ်တံတားမှာ ၁၆၂၄ ပေ၊ မုတ္တမဘက်ကမ်း ချဉ်းကပ်တံတား မှာ ၂၂၅၂ ပေ၊ ရေလယ်ပင်မတံတား မှာ ၇၆၉၉ ပေ စုစုပေါင်း ၁၁၅၇၅ ပေရှည်မည်ဖြစ်သည်။

ရထားလမ်းအနေဖြင့် မော်လမြိုင် ဘက်ကမ်း ချဉ်းကပ်တံတားမှာ ၈၇၁၆ ပေ၊ မုတ္တမဘက်ကမ်း ချဉ်းကပ်တံတား မှာ ၁၀၀၅၁ပေ၊ ရေလယ်ပင်မတံတား မှာ ၇၆၉၉ပေ စုစုပေါင်း ၂၆၄၆၆ပေ ရှည်မည်ဖြစ်သည်။

အဆိုပါ သံလွင်တံတား(မော်လ မြိုင်)တွင် ယာဉ်သွားလမ်း အကျယ် ၂၈ ပေ၊ ရထားလမ်းအကျယ် ၁၄ ပေ နှင့် ယာဉ်သွားလမ်း၏ တစ်ဖက်စီ တွင် ခြောက်ပေစီအကျယ်ရှိ လူသွား လမ်းလည်း ပါရှိမည်ဖြစ်သည်။ ကား လမ်းနှင့် မီးရထားလမ်းတို့ ယှဉ်၍ တည်ရှိမည့် တံတားကြီးဖြစ်သည်။

သံလွင်တံတား(မော်လမြိုင်)တည် ဆောက်ပြီးစီးပါက မြန်မာနိုင်ငံတွင် မြန်မာအင်ဂျင်နီယာများ ကိုယ်တိုင် တည်ဆောက်သည့် အရှည်ဆုံးနှင့် အကြီးဆုံးတံတားဖြစ်လာမည် ဖြစ် သည်။

(သတင်းစဉ်)

✡ **ကျောဖုံးမှ**

နိုင်ငံ၌ အရှည်ဆုံး၊ အကြီးဆုံး၊ တန်ဖိုးအရှိဆုံး တံတား သံလွင်တံတား(မော်လမြိုင်)လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ယခုအခါ သံလွင်တံတား(မော်လမြိုင်)မှာ အပေါ်ထည် သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းများ မတ် ၁၇ ရက် ညနေ ၅ နာရီတွင် ရာနှုန်းပြည့် တပ်ဆင်ပြီးစီးသွားပြီဖြစ်သည်။

တောင်ဖျားမှမြောက်ဖျားသို့

သံလွင်တံတား (မော်လမြိုင်)သည် ရန်ကုန်–မော်လမြိုင်–မြိတ်–ကော့သောင်းလမ်းပေါ်တွင်တည်ရှိပြီး မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သံလွင်မြစ်၊ ဂျိုင်းမြစ်၊ အတ္တရံမြစ် စသောမြစ်သုံးခုပေါင်းဆုံရာ ခေါင်းဆေးကျွန်းအနီး ရေစီးအလွန်သန်၊ ဝဲဂယက်အလွန်ထန်သောနေရာကို ဖြတ်ကျော်၍ မော်လမြိုင်မြို့နှင့် မုတ္တမမြို့ကို ဆက်သွယ်ပေးမည့် တံတားကြီးဖြစ်သည်။ သံလွင်တံတား(မော်လမြိုင်) ပြီးစီးပါက မြန်မာပြည် မြောက်ဖျားမှ တောင်ဘက်စွန်း တနင်္သာရီတိုင်း ကော့သောင်းမြို့သို့ ကုန်းလမ်းခရီးဖြင့် သွားလာနိုင်တော့ မည်ဖြစ်သည်။

စီမံကိန်းစတင်ခဲ့

မြန်မာနိုင်ငံတွင် အရှည်ဆုံး၊ အကြီးဆုံးနှင့်တန်ဖိုးအရှိဆုံးတံတားဖြစ်လာမည့် သံလွင်တံတား(မော်လမြိုင်)ကို ၁၉၉၈ခုနှစ် အောက်တိုဘာလ ၂၆ ရက်က ကျင်းပသော အထူးစီမံကိန်းကြီးများ အကောင်အထည်ဖော်ရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁/၉၈)တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်အရ တံတားအုတ်မြစ်တိုင်များအတွက် မြေစမ်းသပ်ခြင်း၊ မြေတိုင်းတာခြင်း၊ တံတားအူကြောင်းရွေးချယ်ခြင်းနှင့် တံတားပုံစံထုတ်လုပ်ခြင်းများ ဆောင်ရွက်ပြီး ၂၀၀၀ပြည့်နှစ် မတ်လ ၁၈ရက်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းက မော်လမြိုင်ဘက်ကမ်း တိုင်အမှတ် M3 တွင် ပန္နက်တင် မင်္ဂလာအခမ်းအနားကျင်းပပြီး အုတ်မြစ်တိုင်လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့သည်။

ခက်ခက်ခဲခဲတည်ဆောက်ခဲ့

မြန်မာနိုင်ငံတွင် အရှည်ဆုံး၊ အကြီးဆုံးဖြစ်လာမည့် သံလွင်တံတား(မော်လမြိုင်)ကို မြန်မာအင်ဂျင်နီယာများက တံတားပုံစံ ထုတ်လုပ်ခြင်းမှအစ မြန်မာအင်ဂျင်နီယာများ ကိုယ်တိုင် နေ့မအား ညမနား မိုးတွင်း ရေအတက်ဆုံးအချိန်တွင် ပေ၁၀၀ အထိ အနက်ရှိပြီး တစ်စက္ကန့် ၁၆ ဒသမ၇၃ ပေ (၅ဒသမ ၁ မီတာ)နှုန်း ရေစီးသည့် မြန်မာပြည်၏အနက်ဆုံးနှင့် ရေစီးအသန်းဆုံးမြစ်ပေါ်တွင် ခက်ခက်ခဲခဲ ကြိုးပမ်းတည်ဆောက်ခဲ့ရခြင်းဖြစ်သည်။

သံလွင်တံတား (မော်လမြိုင်)၏ အဓိကကျသော အောက်ခြေအုတ်မြစ်နှင့် ရေလယ်တိုင်လုပ်ငန်းကို သုံးနှစ်ကြာ အခက်အခဲမျိုးစုံကို ကျော်လွှားပြီး တည်ဆောက်ခဲ့ရသည်။ ၂၀၀၁ ခုနှစ် မတ်လ ၃၀ ရက်မှစ၍ ရေလယ်တိုင် RP 18 စတင်တည်ဆောက်ခဲ့သည်။ မြစ်ပေါ်တွင် တည်ဆောက်သော တံတားတိုင် ၂၂တိုင်ရှိရာ မုတ္တမဘက်ကမ်းမှ RP1 မှ RP 11 အထိ တည်ဆောက်ရပြီး မော်လမြိုင်ဘက်ကမ်းမှ RP 12 မှ RP 22 အထိ တည်ဆောက်ကြရသည်။ ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁၂ရက်တွင် ပြီးစီးခဲ့၍ သုံးနှစ်နီးပါးကြာ တံတားအောက်ခြေ ရေလယ်တိုင်များ ခိုင်ခံ့မှုရှိအောင် တည်ဆောက်ခဲ့ရသည်။

ရေလယ်တိုင် RP 1မှ RP 9အထိ ရိုးရိုးလွန်တူးဘိုးပိုင်များဖြင့် လွန်တူးအုတ်မြစ်တူးဖော် ဆောင်ရွက်ရပြီး RP 10 မှ RP 22 အထိမှာ ရေစီးသန်ပြီး ရေအနက်ပေ ၁၀၀ခန့်ရှိသည့်အတွက် ၂၈လုံးတွဲ ဘိုးပိုင်အုတ်မြစ်များနှင့် ဆောင်ရွက်ခဲ့ရသည်။

ထူးခြားသည့်တံတား

သံလွင်တံတား(မော်လမြိုင်)ကို မြန်မာအင်ဂျင်နီယာများကိုယ်တိုင် အနီးကပ်ကြီးကြပ်ပြီး နေ့မအား ညမနားဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်နေကြသည်။သံလွင်တံတား (မော်လမြိုင်)တည်ဆောက်ပြီးစီးမှု အခြေအနေများကို ပြည်သူများသိရှိစေလိုသော ဆန္ဒဖြင့် သံလွင်တံတား (မော်လမြိုင်) မော်လမြိုင်ဘက်ကမ်း တံတားတည်ဆောက်မှုအပိုင်းကို တာဝန်ယူလုပ်ကိုင်လျက်ရှိသည့် ဦးတင့်လွင်(အင်ဂျင်နီယာမှူး၊ မြို့ပြ) က တံတားတည်ဆောက်မှုအပိုင်းကို ရှင်းပြရာတွင် "ပင်မတံတား သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းကို ၂၀၀၃ခုနှစ် မတ်၃၀ရက်က သံပေါင်တင်မင်္ဂလာ အခမ်းအနားနဲ့ စတင်ဆောင်ရွက်ခဲ့ပါတယ်။ တံတားသံပေါင်တပ်ဆင်ရာမှာ အစွန်းထွက်တပ်ဆင်နည်းကို အသုံးပြုပါတယ်။ သံလွင်တံတား(မော်လမြိုင်)ကို ကားလမ်း ၂၈ပေ နှစ်လမ်းသွားနှင့် ၁၄ ပေ အကျယ် ရထားလမ်းတို့ကို ယှဉ်တွဲတည်ဆောက်ထားတဲ့အတွက် ဘယ်တံတားနဲ့မှ မတူတဲ့ ထူးခြားချက်ဖြစ်ပါတယ်။

ပုံမှန် တံတားအများစုဟာ Decking Slab ကြိုတင်သွန်းလောင်း ကွန်ကရစ်ကြမ်းခင်းပြားပေါ်မှာ နိုင်လွန်ကတ္တရာခင်းကြပါတယ်။ သံလွင်တံတား(မော်လမြိုင်)က ကြိုတင်သွန်းလောင်း ကွန်ကရစ်ကြမ်းခင်းပြားပေါ်မှာ ကွန်ကရစ်ထပ်ပိုးလွှာကြမ်းခင်း (Over Lay Slab) ကို ထပ်မံသွန်းလောင်းပြီးမှ နိုင်လွန်ကတ္တရာခင်းမှာဖြစ်ပါတယ်။ တံတားအရွယ်ပမာဏကြီးပြီး မြန်မာပြည်မှာ အရှည်ဆုံး၊ အကြီးဆုံး တံတားကြီးဖြစ်သည့်အတွက် ခံနိုင်ဝန်ကို ထိန်းထားနိုင်ရန် ဒီစနစ်ကို အသုံးပြုတာဖြစ်ပါတယ်"

တံတားခိုင်ခံ့မှု

စာရေးသူက တံတားကြီး၏ခိုင်ခံ့မှုနှင့်ပတ်သက်၍ မေးမြန်းရာ အင်ဂျင်နီယာမှူး ဦးတင့်လွင်က "၂၈လုံးတွဲ ဘိုးပိုင် အုတ်မြစ်များကို ရေအောက်ကျောက်ဖျာ အတွင်း အနက် ပေ ၅၀ မှ ၇၅ပေ အထိ ဟိုက်ဒရောလစ်ဖိအားသုံး လွန်တူးစက်နဲ့ ကျောက်ဖောက်ပြီး ကွန်ကရစ်လောင်းထားတဲ့အတွက် အင်မတန်ကြီးမားလှသည့် တံတားကြီးကို ၁မီလီမီတာလောက်တောင် နိမ့်ဆင်းမသွားအောင် တောင့်ခံထားနိုင်ပါတယ်"ဟု ရှင်းပြသည်။

ဆက်လက်၍ တံတားသံပေါင် တပ်ဆင်ပြီးစီးမှုနှင့် ပတ်သက်၍ ရှင်းပြရာ "မော်လမြိုင်ဘက်ကမ်းမှ သံပေါင် ၁၂ခန်းတပ်ဆင်ပြီး မုတ္တမဘက်ကမ်းမှ သံပေါင် ကိုးခန်း တပ်ဆင်ရကြောင်း၊ မော်လမြိုင်ဘက်ကမ်းသံပေါင်တပ်ဆင်မှုမှာ မတ် ၁၂ ရက်တွင် သတ်မှတ်ရေလယ်တိုင် RP 10 အထိ သံပေါင်တပ်ဆင်မှု ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်ပါတယ်။

အေစီကတ္တရာလောင်း

ချဉ်းကပ်တံတားလုပ်ငန်းများ၉၇ ရာခိုင်နှုန်းပြီးစီးနေပြီး တံတားပေါ်တွင် အေစီကတ္တရာ စတင်လောင်းနေပြီဖြစ်ပါတယ်။ ကတ္တရာလောင်းရန်နှင့် တံတားလက်ကိုင်တန်းများ အချောသတ်ရန်သာ ကျန်ရှိပါတယ်။

ရထားလမ်းချဉ်းကပ်တံတားအနေဖြင့် အောက်ခြေတိုင် ၇၇တိုင်ရှိသည့်အနက် ဖောင်ဒေးရှင်းပိုင်း ၂၄ တိုင်ပြီးစီးနေပြီ ဖြစ်တဲ့အတွက် ၁၂ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပါတယ်။

မော်လမြိုင်ဘက်ကမ်းချဉ်းကပ်လမ်း ၆၃၇ ပေ အရှည်နှင့် ကားပတ်အဝိုင်းတို့မှာ ၅၀ ရာခိုင်နှုန်းပြီးစီးနေပြီ ဖြစ်ပါတယ်။

တံတားကြီးပေါ်တွင် သံကူကြိုတင်အားဖြည့် ကွန်ကရစ်ကြမ်းခင်းပြားခင်းခြင်းလုပ်ငန်းအနေနဲ့ RP 22 မှ RP 20 အထိ သုံးခန်းကျော်ခင်းပြီးဖြစ်ပါတယ်။ လူသွားလမ်းကိုလဲ RP 22 မှ RP 20 အထိ သုံးခန်း ကွန်ကရစ်ကြမ်းခင်းပြီးနေပြီဖြစ်ပါတယ်။

အချိန်တိုအတွင်းအောင်မြင်

ကျွန်တော်တို့မော်လမြိုင်ဘက်ကမ်း တည်ဆောက်ရေးအဖွဲ့အနေဖြင့် သံမဏိသံပေါင်တပ်ဆင်ပြီးစီးမှု အခန်းအားဖြင့်၁၂ခန်း၊ မီတာအားဖြင့် ၁၃၂၄ မီတာ၊ပေအားဖြင့် ၄၄၀၃ ပေ၊ မိုင်အားဖြင့် ဒသမ၈၃၄မိုင်ကို ချောမွေ့ ပြီးစီးအောင်မြင်ခဲ့ခြင်းမှာ နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်မှု၊ ဆောက်လုပ်ရေးဝန်ကြီး၏ အနီးကပ်ကြီးကြပ်မှု၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး

မြန်မာနိုင်ငံတွင် အရှည်ဆုံး၊ အကြီးဆုံးနှင့် တန်ဖိုးအရှိဆုံးတံတားကြီးဖြစ်သည့် သံလွင်တံတား(မော်လမြိုင်) ၏ အပေါ်ထည် သံပေါင်ကြီးများကို မော်လမြိုင်ဘက်ကမ်းတွင် မတ် ၂၀ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–ရန်ကင်းစိုးမင်း)

၏ ကူညီစောင့်ရှောက်မှု၊ မြန်မာအင်ဂျင်နီယာများ၏ စွမ်းစွမ်းတမံ စုစည်းညီညွတ်စွာ ဆောင်ရွက်ခဲ့မှုကြောင့် အချိန်တိုအတွင်းမှာ အောင်မြင်မှု များရရှိခဲ့ခြင်းဖြစ်ပါတယ်" ဟု ရှင်းပြသည်။

ထို့နောက် စာရေးသူတို့ သတင်းအဖွဲ့သည် မုတ္တမဘက်ကမ်းသို့ မတ် ၁၇ ရက်က တပ်ဆင်ပြီးစီးသွားသည့် တံတားသံပေါင်ပေါ်မှ မော်လမြိုင်ဘက်မှ မုတ္တမဘက်ကမ်းသို့ စုစုပေါင်း သံပေါင်အရှည် ၇၆၉၉ပေ (မိုင်အားဖြင့် ၁ ဒသမ ၄၆ မိုင်)ခရီးကို လမ်းလျှောက်သွားရောက်ပြီး ဓာတ်ပုံများရိုက်ကူးကာ သတင်းရယူခဲ့သည်။

ရာနှုန်းပြည့်ပြီးစီး

သံလွင်တံတား(မော်လမြိုင်)၏ မုတ္တမဘက်ကမ်း တံတားတည်ဆောက်မှုအပိုင်းကို တာဝန်ယူ လုပ်ကိုင်လျက်ရှိသည့် အင်ဂျင်နီယာမှူး မြို့ပြဦးမျိုးဝင်းက တံတား တည်ဆောက်ပြီးစီးမှုကို ရှင်းပြရာ "ပင်မတံတားပိုင်းတွင် ရေလယ်တိုင် ၁၁တိုင်ရှိသည့်အနက် RP 1မှ RP 11အထိ ၁၁တိုင်လုံး ဘိုးပိုင်အုတ်မြစ်လုပ်ငန်းနှင့် တိုင်ကိုယ်ထည်လုပ်ငန်းများ ပြီးစီးပြီဖြစ်ရာ ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီ ဖြစ်ပါတယ်"

အပေါ်ထည်ကို သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းမှ မုတ္တမဘက်ခြမ်းတွင် RP 4 မှ RP 10 အထိ စုစုပေါင်း ကိုးခန်း ဆောင်ရွက်ရမည်ဖြစ်ရာ မတ် ၁၇ ရက်တွင် အပြီးသတ် သံပေါင်တပ်ဆင်ဆောင်ရွက်ပြီးဖြစ်ရာ သံပေါင်တပ်ဆင်ခြင်းလုပ်ငန်း ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်ပါတယ်။

ဆက်လက်ပြီး ကြမ်းခင်းပြားတပ်ဆင် သံပေါင်တပ်ဆင်ခြင်း လုပ်ငန်းနှင့်တစ်ပြိုင်တည်း Decking Slab ကြိုတင်သွန်းလောင်း သံကူကွန်ကရစ် ကြမ်းခင်းပြားကြီးများ အလျား ၈ မီတာနှင့် အနံ ၂ မီတာ ခန့်ရှိပြီး ချပ်ရေ ၅၀၀ ထုတ်လုပ်ရန်ရှိရာ စုစုပေါင်း ချပ်ရေ ၃၈၂ ချပ် ထုတ်လုပ်ပြီးဖြစ်ပါတယ်။ ယင်းကြမ်းခင်းပြားကြီးများကို သံပေါင်ပေါ်တွင် RP 1မှ RP 4 အကြား တစ်ပြိုင်နက်တည်း တပ်ဆင်လျက်ရှိရာ ယနေ့အထိ ၁၆၄ တပ်ဆင်ပြီးဖြစ်ပါတယ်။

ချဉ်းကပ်တံတားပိုင်းအနေဖြင့် အုတ်မြစ်လုပ်ငန်းမှ သံကူကွန်ကရစ်ရက်မပိုင်းအထိ စုစုပေါင်း ၃၇ ခန်းရှိသည့်အနက် ၃၇ ခန်းလုံး ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ယင်းသံကူ ကွန်ကရစ်ရက်မများပေါ်တွင် Precast Slabကြမ်းခင်းပြားငယ်များ တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ စုစုပေါင်း ၃၇ ခန်းရှိသည့်အနက် ၃၄ ခန်း ဆောင်ရွက်တပ်ဆင်ပြီးဖြစ်ပါတယ်။

ချဉ်းကပ်လမ်းပိုင်းအနေဖြင့် စုစုပေါင်း ပေအရှည် ၇၅၀ ရှိသည့်အနက် မြေကာနံရံတည်ဆောက်ခြင်းလုပ်ငန်း၊ ဖို့မြေကျစ်လျစ်ခြင်းလုပ်ငန်း၊ ကျောက်ခင်းခြင်းလုပ်ငန်းနှင့် ကတ္တရာရေပိတ်လွှာခင်းခြင်းလုပ်ငန်းများကို ရာခိုင်နှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ပါတယ်။ အပေါ်မှ နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းသာ ကျန်ပါတော့တယ်။

မုတ္တမဘက်ကမ်း လုပ်ငန်းပြီးစီးမှုအနေဖြင့် လုပ်ငန်းအားလုံးအပေါ် ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ပါတယ်"ဟု ရှင်းပြသည်။

ရေထရက်စောင့်လုပ်

တံတားသံပေါင်တပ်ဆင်မှုနှင့် ပတ်သက်၍ အင်ဂျင်နီယာမှူး ဦးမြင့်ဝေကို ဆက်လက်မေးမြန်းခဲ့ရာ "တံတားက ကားလမ်းနဲ့ ရထားလမ်း ယှဉ်တွဲတည်ဆောက်ထားတဲ့အတွက် တံတားသံပေါင်ဟာ ၁၇ ဒသမ ၈ မီတာ အရှည်ရှိပြီး အလေးချိန်အားဖြင့် ၁၇ တန် လေးတဲ့အတွက် Vertical အရှည်ဆုံးနဲ့ အကြီးဆုံး သံပေါင်ကြီးများကို အသုံးပြုရတာဖြစ်ပါတယ်။ ရေလယ်တိုင် RPပေါ်တွင် တပ်ဆင်ရာမှာလည်း အထူးသတိထားပြီး တပ်ဆင်ရပါတယ်။ တပ်ဆင်ပြီး သံပေါင်ပေါ်က ဝန်ချီစက်ဖြင့် Vertical သံပေါင်ကြီးကို မနိုင်တာနဲ့ မြစ်ထဲက Brge ပေါ်မှ ကရိန်းဖြင့် ရေအမြင့်ဆုံးတက်ချိန်မှာ မပြီးတပ်ဆင်ရပါတယ်။ ရေအမြင့်ဆုံးတက်ချိန်မှာ တစ်ချောင်းသာ တပ်လို့ရပါတယ်။ ခက်ခက်ခဲခဲနဲ့ ရေထရက်ကိုစောင့်ပြီး လုပ်ခဲ့ရတာဖြစ်ပါတယ်"

ချိန်ဆလုပ်ရ

နောက်ထပ်ခက်ခဲတဲ့လုပ်ငန်းကတော့ သံပေါင်တွေကို တစ်ယူနစ်တစ်ခန်းစီ တစ်ခန်းစီ ကျွန်တော်တို့တပ်သွားပါတယ်။ ယူနစ်တွေအများကြီး သံပေါင်တပ်ဆင်ပြီးတဲ့အခါမှာ သုံးခန်းတွဲ အရှည်အားဖြင့် ၃၃၆မီတာ၊ ပေ အားဖြင့် ပေ၁၀၀၀ (တစ်ထောင်ကျော်)အရှည်သုံးခန်းတွဲကို ကတ်တာဖြင့် ဖြတ်ချရပါတယ်။ သံပေါင်အောက်ခြေမှ ဂျိုက်ဖြင့်မ၍ လိုအပ်သလို တံတားအူကြောင်းအတိုင်း လိုချင်သလို အနိမ့်အမြင့်တို့ကိုချိန်ပြီး တံတား ဘယ်ရင်တွေကို ခက်ခက်ခဲခဲ နေရာချထားရပါတယ်။ တံတားအတွဲလိုက် ချိန်ဆလုပ်ရတဲ့အတွက် အင်မတန်မှ ခက်ခဲပါတယ်။

ရှေ့ကို သုံးခန်းတွဲတစ်ယူနစ် တံတားသံပေါင် တပ်ဆင်ပြီးတိုင်း ကတ်တာဖြင့်ထပ်ဖြတ်ပြီး အထိုင်ချရပါတယ်။ သံပေါင်အထိုင်ချပြီးမှသာ သံပေါင်ပေါ်မှာ ကြိုတင်သွန်းလောင်း သံကူကွန်ကရစ်ပြားများ တပ်ဆင်ခင်းကျင်းရတာဖြစ်ပါတယ်။

ရွှေမှုလီတပ်ဆင်

"မုတ္တမဘက်ကမ်းမှ စုစုပေါင်း သံပေါင်အရှည် ၁၀၀၄ဒသမ၅မီတာ၊ (ပေအားဖြင့် ၃၂၉၆ ပေ)ကို သတ်မှတ်ရေလယ်တိုင် RP 10 မှာ မတ် ၁၇ ရက်ညနေ၅နာရီအချိန်မှာ မော်လမြိုင်ဘက်ကမ်းမှ တပ်ဆင်ပြီး သံပေါင်နဲ့ အပြီးသတ် ချိတ်ဆက်တပ်ဆင်နိုင်ခဲ့ပါတယ်။ အခုဆိုရင် သံလွင်တံတား (မော်လမြိုင်)ရဲ့ အပေါ်ထည်တံတား သံပေါင်တပ်ဆင်မှုလုပ်ငန်း ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်ပါတယ်"ဟု အားတက်သရော ရှင်းပြသည်။

ကြိုးပမ်းမှုဂုဏ်ပြု

သံလွင်တံတား (မော်လမြိုင်)၏ သံပေါင်တပ်ဆင်မှု ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်ရာ တံတားကြီးတစ်ခုလုံး၏ ပြီးစီးမှု ၈၀ ရာခိုင်နှုန်းကျော် အောင်မြင်ပြီးစီးနေပြီး တံတားကြီး အောင်မြင်ပြီးစီးသောအချိန်တွင် ပဲခူးတိုင်း၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းတို့ မွန်ပြည်နယ်နှင့် တစ်ဆက်တစ်စပ်တည်း သွားလာနိုင်မည်ဖြစ်သကဲ့သို့ မြန်မာပြည် မြောက်ဖျားမှသည် တနင်္သာရီတိုင်း ကော့သောင်းမြို့နယ်အထိ ကုန်းလမ်းခရီးဖြင့် တိုင်းရင်းသားပြည်သူများ တောက်လျှောက်သွားလာနိုင်တော့မှာ ဖြစ်ပါကြောင်း မြန်မာဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာများ၏ စွမ်းရည်နှင့် ကြိုးပမ်းအားထုတ်မှုများကို ဂုဏ်ပြုမှတ်တမ်းတင် ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန် အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

မြဝတီရုပ်မြင်သံကြား

၂၇–၃–၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"ဣန္ဒြေငါးပါး အင်အားညီမှ"**

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၃၅ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၄၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၄း၅၀ ၈။ မျိုးချစ်တပ်မတော်
၅း၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် °Correlation (စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွား)
၅း၃၀ ၁၀။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ မြန်မာ့ရှုခင်း
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မောင့်ရွှေနဖားစူး၊ မယ့်ရွှေနဖူးစာ"** (အပိုင်း–၁၈)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သူရဲကောင်းတို့ ပျော်ရာမြေ"** ဒါရိုက်တာ–တင်သန်းဦး သရုပ်ဆောင်–နေထက်လင်း၊ ရဝေအောင်၊ အောင်ပိုင်၊

မတ် ၂၅ ရက်က (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ တပ်မတော်အရိုးကုဆေးရုံကြီးနှင့် တပ်မတော်ကိုယ်လက်အင်္ဂါ ပြန်လည်သန်စွမ်းရေးဆေးရုံသို့ အလှူရှင် ဦးဝင်းဆွေနှင့် ဇနီး သီဟသုဓမ္မသီင်္ဂီဒေါက်တာဒေါ်ရီရီလှ (ယုဝတီခင်ဦး) တို့က အလှူငွေကျပ် ကိုးသိန်းပေးအပ်လှူဒါန်းရာ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသန်းအောင်က လက်ခံယူစဉ်။ (သတင်း–ဖော်ပြပြီး) (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၇–၃–၂၀၀၄ (စနေနေ့)
၁၃၆၅ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၇ ရက် (အဖိတ်နေ့)

နံနက်ပိုင်း

၆:၀၀ ၁။ (၅၉)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားကျင်းပပုံတိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ်
၈:၃၀ ၂။ နံနက်ခင်းသတင်း
၈:၄၀ ၃။ (၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၅၀ ၄။ International News

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ (၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၃:၂၀ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ "နက်ရှိုင်းမေတ္တာ"**(အပိုင်း–၂၇)**
၁၃:၅၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၁၄:၀၅ ၇။ ရုပ်မြင်သံကြားဇာတ်လမ်း **"အမြင့်"** (မင်းသူ၊ခိုင်နှင်းဝေ၊ဇာညီစိမ့်) (ဒါရိုက်တာ–သက်တင်)
၁၄:၄၅ ၈။ International News

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English For Everyday Use.
၁၆:၄၅ ၄။ (၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (သချာ၊ ဓာတုဗေဒ ရူပဗေဒ အထူးပြုများ)(သချာ)
၁၇:၁၅ ၆။ အကပဒေသာ
၁၇:၂၅ ၇။ ကုသမနေး တီဘီဘေး (ရာဇာနေဝင်း၊ သုမောင်၊ညီကျော်၊ မတူး) (ဒါရိုက်တာ–ပန်းချီစိုးမိုး)
၁၇:၄၀ ၈။ တေးဂီတအစီအစဉ်
၁၇:၅၀ ၉။ စလင်းရေလှောင်တမံ
၁၈:၀၀ ၁၀။ (၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၈:၁၅ ၁၁။ စားကြမယ်ဟော့ ကောင်းကောင်း
၁၈:၃၀ ၁၂။ ညနေခင်းသတင်း
၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၄။ Discovery
၁၉:၁၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးမြေဆုံးစေတော့ကွယ်"** (အပိုင်း–၃၀)
၁၉:၃၅ ၁၆။ သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ရေးဂုဏ်ပြု အစီအစဉ်(၂)
၁၉:၄၅ ၁၇။ "ပြည်သူ့အတွက် တပ်မတော်"
– ပြည်ထောင်စုဖွံ့ဖြိုး တိုးတက် တပ်မတော်အစိုးရလက်ထက်
– တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည် (အထက–၂၊ လသာ၊ ကျောင်းသူများ) (လသာရတနာတေးဂီတအဖွဲ့)
၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ ရုပ်မြင်သံကြားဇာတ်လမ်း **"သူရဲကောင်းတို့ ပျော်ရာမြေ"** (နေထက်လင်း၊ ရဝေအောင်၊ နဝရတ်) (ဒါရိုက်တာ–တင်သန်းဦး)
၂၂။ (၅၉)နှစ်မြောက် တပ်မတော်နေ့ ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲ(အခြေခံပညာအဆင့်)

အောင်ဆန်းစစ်ကြောင်းအား ငါးများလှူဒါန်း

ရန်ကုန် မတ် ၂၆

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် (၅၉)နှစ်မြောက် တပ်မတော်နေ့တွင် အောင်ဆန်းစစ်ကြောင်းမှ ပါဝင်ချီတက်မည့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် ရှိုင်းဆောက်လုပ်ရေးကုမ္ပဏီမှ ငါးတန် ၆၅ပိဿာကို မတ် ၂၅ ရက် နံနက်ပိုင်းတွင် တောင်ဥက္ကလာပမြို့နယ် နယ်မြေခံတပ်ရင်းရှိ အောင်ဆန်းစစ်ကြောင်း တည်းခိုဆောင်သို့ လာရောက်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်အားနည်းငလျင်လှုပ်

ရန်ကုန် မတ် ၂၆

၂၀၀၄ ခုနှစ် မတ် ၂၆ ရက် မြန်မာစံတော်ချိန် ၀၄ နာရီ ၅၂ မိနစ် ၁၈ စက္ကန့်အချိန်တွင် ကမ္ဘာ့အေးမြေငလျင်စခန်း၏ မြောက်ဘက် ၂၀၆ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်းနေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၄ ဒသမ ၇ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားခြင်းကို တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် ၉၁/၁၀၅ နေ ဦးစိုးတင့်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၁၄/လပတ(နိုင်) ၀၇၀၇၄၁ က လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် X II Myoma West၊ မြေကွက်အမှတ် ၂၃၈၊ မြေအမည်ပေါက် ဦးထွန်း–ဒေါ်သိန်း အမည်ရှိ နှစ် ၉၀ ဂရန်မြေအား အမည်ပြောင်းခွင့်ပြုပါရန် လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန။

အင်အားအသင့်အတင့်ငလျင်လှုပ်

ရန်ကုန် မတ် ၂၆

၂၀၀၄ ခုနှစ် မတ် ၂၆ ရက် မြန်မာစံတော်ချိန် ၀၃ နာရီ မိနစ်၅၀ **၁၈ စက္ကန့်အချိန်တွင် ကမ္ဘာ့အေးမြေငလျင်စခန်း၏ အရှေ့တောင်ဘက် ၁၇၀၀ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာကိုဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၅ ဒသမ ၂ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားခြင်းကို တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။**

မီး
သတိပြုပါ

လေလံတင်ရောင်းချရန်ကြော်ငြာ

တိုင်းနှင့်ပြည်နယ်အသီးသီးရှိ လက်ရှိတံတားအသုံးပြုခ ကောက်ခံနေသော အောက်ဖော်ပြပါ နိုင်ငံတော်ပိုင်တံတား ၇၃ စင်းအား ၂၀၀၄–၂၀၀၅ ခုနှစ်မှ ၂၀၀၆–၂၀၀၇ ခုနှစ်အထိ တံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း သုံးနှစ် လုပ်ပိုင်ခွင့် လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များအား တံတားတည်ရှိရာ သက်ဆိုင်ရာ တိုင်း၊ စစ်ဌာနချုပ်နယ်မြေများတွင် ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်သည်။

နိုင်ငံတော်ပိုင်တံတားများမှာ အောက်ပါအတိုင်းဖြစ်သည်။

စီမံကိန်းဝင်တံတားများ

၁။ ဗလမင်းထင်တံတား(မြစ်ကြီးနားမြို့)
၂။ ရွှေလီတံတား(ရွှေကူမြို့)
၃။ မိုးကောင်းတံတား(မိုးကောင်းမြို့)
၄။ သံလွင်တံတား(ဘားအံမြို့)
၅။ ဂျိုင်း(ကော့ကရိတ်)တံတား(ဘားအံမြို့)
၆။ မဲဇာတံတား(ကသာမြို့)
၇။ ချင်းတွင်းတံတား(မုံရွာမြို့)
၈။ နဝဒေးတံတား(ပြည်မြို့)
၉။ ခပေါင်းတံတား(တောင်ငူမြို့)
၁၀။ စစ်တောင်းတံတား(ရွှေကျင်မြို့)
၁၁။ အနော်ရထာတံတား(ချောက်မြို့)
၁၂။ ဧရာဝတီ(မကွေး)တံတား(မင်းဘူးမြို့)
၁၃။ ဂျိုင်း(ဇာသပြင်)တံတား(မော်လမြိုင်မြို့)
၁၄။ အတ္တရံတံတား(မော်လမြိုင်မြို့)
၁၅။ ကစ္ဆပနဒီတံတား(ကျောက်တော်မြို့)
၁၆။ ရာမောင်တံတား(မင်းပြားမြို့)
၁၇။ မင်းချောင်းတံတား(စစ်တွေမြို့)
၁၈။ အမ်းကြီးတံတား(အမ်းမြို့)
၁၉။ အောင်ဇေယျတံတား(လှိုင်သာယာမြို့)
၂၀။ ရွှေပြည်သာတံတား(လှိုင်သာယာမြို့)
၂၁။ တာကော်အက်တံတား(တန့်ယန်းမြို့)
၂၂။ မအူပင်တံတား(မအူပင်မြို့)
၂၃။ ဗိုလ်မြတ်ထွန်းတံတား(ညောင်တုန်းမြို့)
၂၄။ မြောင်းမြတံတား(မြောင်းမြမြို့)
၂၅။ လပွတ္တာတံတား(မြောင်းမြမြို့)
၂၆။ ဥတိုတံတား(ပုသိမ်မြို့)
၂၇။ ဒါးကတံတား(ကျောင်းကုန်းမြို့)
၂၈။ ဒေးဒရဲတံတား(ဖျာပုံမြို့)
၂၉။ ဝါးခယ်မတံတား(ဝါးခယ်မမြို့)
၃၀။ ရွှေလောင်းတံတား(ဝါးခယ်မမြို့)
၇။ ပုလောတံတား(ပုလောမြို့)
၈။ ပလောက်တံတား(ပုလောမြို့)
၉။ ကောလိယချောင်းတံတား(ပဲခူးမြို့)
၁၀။ ကွင်းချောင်းတံတား(ဖြူးမြို့)
၁၁။ ဖြူးချောင်းတံတား(ဖြူးမြို့)
၁၂။ သူရဲတန်းတံတား(ပန်းတောင်းမြို့)
၁၃။ ကျွန်းကလေးတံတား(လက်ပံတန်းမြို့)
၁၄။ ရဲနွယ်တံတား(ညောင်လေးပင်မြို့)
၁၅။ ပင်းချောင်းတံတား(ရေနံချောင်းမြို့)
၁၆။ ယင်းချောင်းတံတား(မကွေးမြို့)
၁၇။ ကုက္ကိုခွတံတား(တောင်တွင်းကြီးမြို့)
၁၈။ မုန်းချောင်းတံတား(ပွင့်ဖြူမြို့)
၁၉။ မန်းချောင်းတံတား(မင်းဘူးမြို့)
၂၀။ နွယ်တမယ်တံတား(စလင်းမြို့)
၂၁။ ကိုးပင်တံတား(ဆင်ပေါင်ဝဲမြို့)
၂၂။ ဘွက်ကြီးတံတား(အောင်လံမြို့)
၂၃။ ကန်လည်တံတား(မင်းတုန်းမြို့)
၂၄။ ယောချောင်းတံတား(ဆိပ်ဖြူမြို့)
၂၅။ နားငှောင်းကျတံတား(ပုသိမ်ကြီးမြို့)
၂၆။ မြစ်ငယ်တံတား(စဥ့်ကိုင်မြို့)
၂၇။ စမုံပေါက်တံတား(မြစ်သားမြို့)
၂၈။ သူရဲချောင်းတံတား(ပျော်ဘွယ်မြို့)
၂၉။ စမုံတံတား(ဝမ်းတွင်းမြို့)
၃၀။ တံငါတံတား(မတ္တရာမြို့)
၃၁။ ရေးချောင်းတံတား(ရေးမြို့)
၃၂။ ဘီးလင်းတံတား(ဘီးလင်းမြို့)
၃၃။ ရွှေလှေတံတား(သံတွဲမြို့)
၃၄။ ကျိန္တလီတံတား(ဂွမြို့)
၃၅။ ပုဇွန်ဖြေတံတား(သံတွဲမြို့)
၃၆။ ဘုရင့်နောင်တံတား(လှိုင်သာယာမြို့)
၃၇။ တာကော်တံတား(ကွန်ဟိန်းမြို့)
၃၈။ ကွန်ဟိန်းတံတား(ကွန်ဟိန်းမြို့)
၃၉။ မိုးတေတံတား(သီပေါမြို့)
၄၀။ သံလွင်(တာဆန်း)တံတား(မိုင်းတုံမြို့)
၄၁။ ကျောင်းကုန်းတံတား(ကျောင်းကုန်းမြို့)
၄၂။ ခဲပေါင်တံတား(ကျုံပျော်မြို့)
၄၃။ ငဝန်တံတား(ရေကြည်မြို့)

သာမန်တံတားများ

၁။ ဒုံသမိတံတား(ဘားအံမြို့)
၂။ ဗားရံတံတား(ဖလမ်းမြို့)
၃။ ညောင်ပင်ဝန်းတံတား(စစ်ကိုင်းမြို့)
၄။ သမရိုးတံတား(ဝက်လက်မြို့)
၅။ ကမြောကင်းတံတား(ထားဝယ်မြို့)
၆။ ဝင်းဝတံတား(သရက်ချောင်းမြို့)

လေလံယှဉ်ပြိုင်လိုသူများသည် တံတားတည်ရှိရာ သက်ဆိုင်ရာ တိုင်း၊ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ဆောက်လုပ်ရေးဝန်ကြီးဌာန။

ပါရမီဖြည့်ဖက်များ၏ မေတ္တာတရား

မန်းခင်ခင်

ဆောင်းမှနွေအကူး လေရူးသုန်သုန် နှင်းမှုန်မှုန်တို့ ကြွေဆဲပင်။

နေ့ပူလို့ညချမ်း တပေါင်းလဆန်းရောက်ပြီဆိုမှဖြင့် လေပြည်လေးနှင့်အတူ စိတ်ထဲမှာလည်း လွမ်းသလိုဆွေးသလိုနှင့် အတွေးများကို ကျယ်ပြန့်စေလေပြီ။ ဆွေးစရာရှိက ဆွေးပြီး လွမ်းစရာရှိက လွမ်းတတ်ကြသည့် အချိန်ကလေးပင် ဖြစ်တော့၏။

ကျွန်မ၏စိတ်သည် ဟိုဟိုသည်သည် တွေးတောရင်းဖြင့် သြော်… တပေါင်းလ အခါသမယပေပဲ။ နှစ်ဟောင်းကုန်ပြီး နှစ်သစ်ပြောင်းခဲ့ပြီ။ ထို့အတူ သစ်ရွက်ဟောင်းတွေလည်း ကြွေပြီး၊ သစ်ရွက်နုကလေးများ ဝေလေပြီ။ သည်လိုအချိန်မှာ ကျွန်မတို့တပ်တွင်းနေထိုင်ခဲ့စဉ်က ငယ်ပေါင်းကြီးဖော်များကို သတိရ၍ တပ်တွင်းမိသားစုများကို အလွမ်းစိတ်တွေဝေမိပါသည်။ သည်လိုပြန်လည်တွေးတောရင်းဖြင့် ကျွန်မတို့မြတ်နိုးလှစွာသော တပ်မတော်နေ့သည် နွေသစ်ရွက်များနှင့်အတူ ပွင့်လန်းအားသစ်ချိန် ရောက်နေပါပေါ့လား။ တပ်မတော်က လျှောက်လှမ်းခဲ့ရသော ခရီးလမ်းများ၊ ခြေလှမ်းများသည် တန်ဖိုးရှိရှိ၊ သစ္စာရှိရှိနှင့် တစ်ဆင့်ပြီးတစ်ဆင့် ခရီးပေါက်ခဲ့ပါပေါ့လားဟု ဆင်ခြင်မိပါသည်။ အမိမြန်မာပြည်၏ အနာဂတ်အတွက် လက်ဆင့်ကမ်းတာဝန်များကို ဦးလည်မသုန် ဆောင်ရွက်ခဲ့သည်မှာ ယခုနှစ်တပ်မတော်နေ့ရောက်လျှင် (၅၉)နှစ် ပြည့်မြောက်ပါပေါ့လားဟုလည်း ဂုဏ်ယူစွာ တွေးတောမိပါသည်။

ပညာရပ်များကို မှတ်သားနာယူကျင့်သုံး၍ နေကြရသဖြင့် ကျွန်မတို့စစ်သည်ဇနီးသားမယားများသည် တပ်မတော်သာအမိ၊ တပ်မတော်သာ အဖဆိုသလိုလေးနက်စွာ လုပ်ဆောင်သင့်သည်များကို လက်တွဲလုပ်ဆောင်တတ်ကြရသည်။ ခင်ရာဆွေမျိုး၊ မြိန်ရာဟင်းကောင်း ဆိုသလိုလည်း နေကြသည်။ မိမိခင်ပွန်းတာဝန်ကျရာဒေသများသို့ အတူတကွ လိုက်ပါကြရသည်။ တပ်တွင်းမိသားစု၏ ပျော်ရွှင်ဖွယ်အတွေ့အကြုံများကို ခံစားရသည်။ တစ်ဦးအခက်အခဲကို တစ်ဦးကဖြေရှင်းပေးတတ်ခြင်း၊ စုပေါင်း၍ ကူညီတတ်ခြင်း၊ အများနှင့် ဆက်ဆံရာတွင်ပြေလည်စွာ ဆက်ဆံတတ်ခြင်း၊ ထိုအကျိုးများကြောင့် ခင်ပွန်းများသည် စိတ်ချမ်းသာပျော်ရွှင်စွာဖြင့် မိမိအလုပ်တာဝန်ကို နောက်ဆံမတင်းဘဲ စိတ်ဖြောင့်စွာ တာဝန်ကျေပွန်အောင် ထမ်းဆောင်နိုင်ကြသည်။ တကယ်တော့ ခင်ပွန်းသည်များ ကောင်းမြတ်သောစိတ်ဓာတ် ကြံ့ကြံ့ခိုင်ခိုင်ရှိရန် ကျွန်မတို့ဇနီးများက ပါရမီဖြည့်ကြရပါသည်။

တပ်မတော်သည် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်နေသော တပ်မတော်ဖြစ်ပါသည်။ တပ်မတော်သည် တိုင်းပြည်ကိုဘယ်တော့မှ သစ္စာမဖောက်။ မိမိ လူမျိုးအပေါ်မှာလည်း ဘယ်တော့မှသစ္စာမဖောက်ဘဲ အသက်သွေးချွေးပေါင်း မြောက်မြားစွာဖြင့် အသက်ကို ပဓာနမထားစွန့်လွှတ်စွန့်စား၍ တိုင်းပြည်အကျိုးကို သယ်ပိုးနေသော တပ်မတော်ဖြစ်ပါသည်။

ထို့အတူ ကျွန်မတို့ ဇနီးသားမယားများသည်လည်း တပ်တွင်းစည်းကမ်းလိုက်နာ၍ ဆင်းရဲအတူ၊ ချမ်းသာအမျှ ကိုယ့်ခင်ပွန်း၏ ထမ်းဆောင်ရသောတာဝန်အလိုက် အသိပညာတွေရရှိပြီး တပ်တွင်းစည်းရုံးရေး၊ ကျန်းမာရေး၊ ပညာရေး၊ မိသားစုပျော်ရွှင်ရေးများကို တိုးတက်ကောင်းမွန်အောင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ရပါသည်။ စစ်သည်များသည် အမိန့်နှင့်တာဝန်ကို နာခံရသလိုကျွန်မတို့ ဇနီးသားမယားများမှာလည်း မိသားစုစိတ်ဓာတ်ဖြင့် အစဉ်ထာဝရမိမိ၏အိမ်ထောင်၊ မိမိ၏ ပတ်ဝန်းကျင်မှာရှိကြသော ပြည်သူအပေါင်းကိုပါမေတ္တာတရားဖြင့် ကူညီသင့်သည်များကို ကူညီစောင့်ရှောက်ကြရပါသည်။

ကျွန်မတို့ အမျိုးသမီးများသည် မိခင်စိတ်၊ မေတ္တာတရားအခြေခံကောင်းခြင်းကြောင့် မည်သူကိုမဆို ကူညီစောင့်ရှောက်ရန် ဝန်မလေးပါ။ တပ်တွင်းမိသားစုစိတ်ဓာတ် အားကောင်းမှုကြောင့် အချိန်အခါမရွေး၊ ဒေသမရွေး၊ လူမျိုးမရွေး၊ စောင့်ရှောက်ရန်လည်း ဝန်မလေးတတ်ပါ။ မိမိ၏ခင်ပွန်းရောက်သောနေရာမှာလည်း ရောက်တဲ့အရပ်မှာ ပျော်အောင်နေတတ်ကြသည်။ တွေ့တဲ့လူတွေနှင့်လည်း တဲ့အောင်ပေါင်းတတ်သည်။ ရှိတာလေးနှင့်လည်း ဝအောင်စားတတ်သည်။ ရှိတာလေးနှင့်လည်း လှအောင်ဝတ်တတ်ကြသည်။ ချွေတာခြိုးခြံစားသောက်နေထိုင်တတ်တဲ့ပညာတွေလည်း ကျွန်မတို့တစ်တွေကို သင်ကြားပေးသူများကတော့ အတွေ့အကြုံရင့်ကျက်သော ဘဝပေးအသိရှိသော အစ်မကြီးများပင် ဖြစ်ပါသည်။ အစ်မကြီးများ ဘဝအတွေ့အကြုံတွေ၊ နေနည်း၊ ထိုင်နည်း၊ ဆက်ဆံနည်းတွေ သင်ပေးသည်။ ဘဝအတွက် အခြေခံ

ကျွန်မတို့ စစ်သည်ဇနီးများသည် တပ်တွင်းမှာနေထိုင်ရသဖြင့် ရရှိသောအကျိုးကျေးဇူးများသည်-

(၁) စည်းလုံးစွာ နေတတ်ခြင်း
(၂) ချစ်ခင် တွယ်တာတတ်ခြင်း
(၃) တစ်ဦးအခက်အခဲကို တစ်ဦးက ကူညီတတ်ခြင်း
(၄) မိသားစုစိတ်ဓာတ် ထားရှိခြင်း(တပ်ဖွဲ့စိတ်)
(၅) ချွေတာစွာ စားသောက်တတ်ခြင်း
(၆) ကိုယ့်အားကိုယ်ကိုးတတ်ခြင်း
(၇) လူအများနှင့် ပေါင်းသင်းတတ်ခြင်း
(၈) တွေ့ကြုံလာသည့် အခက်အခဲများကို ဖြေရှင်းတတ်ခြင်း
(၉) စိတ်ဓာတ်ခိုင်မာကြံ့ခိုင်ခြင်း
(၁၀) အကြီးအကဲများ၏ ဆုံးမစကားကို နားထောင်တတ်ခြင်း
(၁၁) အခြေခံစစ်သင်တန်းများ တတ်ရောက်နိုင်ခြင်း
(၁၂) အခြေခံသူနာပြုသင်တန်းများ တက်ရောက်နိုင်ခြင်း
(၁၃) တပ်တွင်း ဟောပြောပွဲများ ဆင်နွှဲရခြင်း
(၁၄) အ-သုံးလုံးကျေ သင်တန်းများ တက်ရောက်ခွင့်ရရှိခြင်း
(၁၅) အားကစားပွဲများ ဆင်နွှဲရခြင်း
(၁၆) ပျော်ပွဲရွှင်ပွဲများပြုလုပ်ခြင်းဖြင့် တပ်တွင်းစည်းရုံးရေးလုပ်ဆောင်ခြင်းနှင့် တစ်ပတ်တစ်ကြိမ် တပ်သန့်ရှင်းရေးမှာလည်း တက်ညီလက်ညီ လုပ်ကြရခြင်း
(၁၇) တစ်အိမ်ထောင်နှင့်တစ်အိမ်ထောင်ကိစ္စများကို ဝိုင်းဝန်း၍ ကူညီတတ်ခြင်းဆိုသည့် အတွေ့အကြုံများရရှိနေသည့်အတွက် လူ့လောကရဲ့လောကဓံများက ခံနိုင်ရည်ရှိသော သတ္တိထူးများကို ရရှိနိုင်သည်ဟု ဆိုနိုင်ပါသည်။

ဤပညာရပ်များသည် တပ်တွင်းနေထိုင်သည့်အတွက် ရရှိသည့်ဘဝအတွေ့အကြုံများ ဖြစ်သည်ဟု ဆိုချင်ပါသည်။ ရဲမေများသည် အမြဲတမ်းကျန်းမာပျော်ရွှင်စွာ စီးပွားတိုးတက်မည့် ကောင်းသောစကားများကို နေ့တိုင်းကြားနာနေရသည့် ကောင်းကျိုးများ ရရှိနိုင်ပါသည်။ ထိုသို့ လိမ္မာကျွမ်းကျင်သောကျွန်မတို့ဇနီးသားမယားများ၏ ခင်ပွန်းများသည်လည်း ဘေးမသီရန်မခဘဲတိုင်းပြည်တာဝန် ထမ်းဆောင်နိုင်ပါသည်။ ဤသို့လျှင် မိမိတို့၏ ခင်ပွန်းအပေါ် ပါရမီဖြည့်ကြရသည်။ ထို့အတူ သီလပါရမီ၊ သီလကို စောင့်ထိန်းခြင်းနှင့်ဒါနပါရမီ၊ နေ့စဉ်ဒါနပြု၍ မိမိခင်ပွန်းရှာထားသော ငွေကြေးထဲမှ လှူဒါန်းခြင်းဖြင့်လည်း ပါရမီဖြည့်ကြရခြင်းသည် မွန်မြတ်သော အစဉ်အလာပင် ဖြစ်ပေသည်။ ထိုနည်းများဖြင့် ပါရမီဖြည့်ကြသော ကျွန်မတို့ အမျိုးသမီးများသည် မိမိခင်ပွန်းအပေါ် လေးစားရိုသေကြရသည့်အပြင် ဇနီးကောင်းဖြစ်ပြီး သားသမီးအလိမ္မာများ၊ ပညာတတ်များ မွေးထုတ်နိုင်သော မိခင်ကောင်းများ ဖြစ်အောင်လည်း ကြိုးစားရပါသည်။ ဤတွင်မက တိုင်းပြည်အတွက်ပါ ကူညီပြီး ပါရမီဖြည့်ရသည့်အတွက် နိုင်ငံ့အကျိုး၊ ပြည့်အကျိုးများကိုလည်း ကျရာကဏ္ဍမှပါဝင်ဆောင်ရွက်ရပါသည်။ ကျွန်မတို့ အမျိုးသမီးများသည် မေတ္တာရှင်များ၊ တစ်နည်းအားဖြင့် ရင်တွင်း နှလုံးသားမှ ယိုစီးလာသော မေတ္တာအလှပိုင်ရှင်များ ဖြစ်သည့်အတွက် တိုင်းပြည်လည်း လှ၊ လူလည်းလှ၍ လုပ်အားလည်းမှန်ပြည့်အဖိုးတန် စစ်သည်ရဲမေများ ဖြစ်နိုင်စေရန် နိစ္စဓူဝ ကြိုးစားရပါသည်။ အစဉ်ထာဝရ ငြိမ်းချမ်းသာယာသော နိုင်ငံတော်ကြီး အဓွန့်ရှည်တည်ရှိနေစေရန် လုပ်အားကိုယ်စီ ညီညာဖြန့်၍ အမျိုးသားများနှင့် တန်းတူညီတူ ကြည်ဖြူစွာ လက်တွဲလျက် တိုင်းပြည်အကျိုး သယ်ပိုးဆောင်ရွက်ရပါသည်။ အစဉ်အလာကောင်းသော တပ်မတော်သားများကို ကိုယ်ကျွမ်းကျင်ရာ နည်းပညာများနှင့် ဝိုင်းဝန်း၍ ဘက်စုံ၊ ထောင့်စုံ အကျိုးပြုနိုင်အောင် ကြိုးပမ်းရင်း တပ်မတော်အတွက် အထောက်အကူပြုပြီး တိုင်းပြည်၏အား ပြည်သူ့အင်အား၊ တပ်မတော်အင်အားများကို ဖြည့်ဆည်းပေးကြရပါသည်။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပြီး ဖွံ့ဖြိုးသာယာသော လောကသစ်ကို တည်ဆောက်နိုင်အောင် တပ်မတော်သားများ၏ စွမ်းအားကို မြှင့်တင်ပေးခြင်းဖြင့် မိမိတတ်စွမ်းသည့်ဘက်မှ ပါရမီဖြည့်ကြရပါသည်။ ရဲဘော်များ၏ စွမ်းပကားကို ရဲမေများက ဖြည့်ဆည်းနိုင်သမျှ ဖြည့်ဆည်းလျက် ပါရမီဖြည့်ဖက် မေတ္တာလက်ဖြင့် ကျွေးမွေးစောင့်ရှောက်ကြရပါသည်။ စွမ်းအားပြည့်ဝသော သားကောင်းရတနာ မွေးထုတ်ပေးနိုင်ခြင်းဖြင့် ပြည့်ခွန်အားကို ဖြည့်ဆည်းရန် အသင့်ရှိကြရပါသည်။ တစ်ခဏလေး မတွေးဘဲ ရေရှည်တွေးလို့ ခင်ပွန်းအတွက် ပါရမီဖြည့်ကြရပါသည်။ ခေတ်နှင့်အမီလိုက်ဖက်ညီသည့် ခေတ်မီတပ်မတော်ကြီးကို အောင်ပန်းဆင်နိုင်ရန် လေးလေးနက်နက် ထက်ထက်မြက်မြက်နှင့် တိုးတက်ဂုဏ်အပေါင်း အားသစ်လောင်းနိုင်အောင် ကျွန်မတို့ ပါရမီဖြည့်ဖက်များက ကူညီဖြည့်စွမ်းကြရပါသည်။

ကျွန်မတို့ မြန်မာနိုင်ငံမှာ အမျိုးသမီးဦးရေများသည်နှင့်အညီ အမျိုးသမီးများ၏ လုပ်အားများလည်း များစွာလိုအပ်နေပါသည်။ ကျွန်မတို့ အမျိုးသမီးထုကြီး၏ အားမာန်များဖြင့် တပ်တွင်းစည်းရုံးရေး တည်ဆောက်ပြီး အမျိုးသားရေးအတွက် တပ်မတော်သားများနှင့်အတူ ပါဝင်လက်တွဲဆောင်ရွက် ကြရပါသည်။ မိမိတိုင်းပြည်၏ ရည်မှန်းချက်မူများကို အကောင်အထည်ဖော်နိုင်ရန်အတွက်လည်းကောင်း၊ မိမိတိုင်းပြည် အဓွန့်အရှည်တည်တံ့စွာ ရပ်တည်ပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ရေးအတွက် လည်းကောင်း၊ တိုင်းရင်းသားညီအစ်ကို မောင်နှမများနှင့် လက်တွဲမပျက်ဆက်လက်ပြီး ပါရမီဖြည့်ဆည်း၍ အောင်ပွဲခံနိုင်ရန် ကြိုးစား ကြပါစို့လားရှင်။

နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကိုလည်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် တပ်မတော်သားများနှင့်အတူ ဝိုင်းဝန်းကူညီ ကြိုးစားကြပါစို့လို့ ဆန္ဒပြုလျက် (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုလိုက်ရပါတယ်ရှင်။ ။

(တပ်မတော်သားများနှင့် မိသားစုဝင် ပြည်သူများ ကိုယ်စိတ်နှစ်ပါး ချမ်းမြေ့ကြပါစေ။)

27-3 (15).p65 1 3/24/05, 11:03 PM

(၁) New Super Fantasy ပုလင်းတိုင်းတွင် Vitamin C 100mg ထည့်ထားပါသည်။ (၂) နေရောင်ခြည်ကြောင့် Vitamin C ဆုံးရှုံးမှုမရှိစေရန် တံဆိပ်အပြည့် ပတ်ထားပါသည်။ (၃) လူမျိုးဘာသာမရွေး ယုံကြည်စိတ်ချစွာသောက်သုံးနိုင်ပါသည်။

အရောင်းကိုယ်စားလှယ်ကြီးများအတွက်အထူးအစီအစဉ်

We help our Customer to make money

New Super Fantasy ရောင်းချ၍ ဝင်ငွေရလိုသူများ အမြန်ဆက်သွယ်နိုင်ပါသည်။

တစ်လအတွင်း New Super Fantasy ကတ်၃၀၀၀ ဝယ်ယူရောင်းချလျှင် ဝင်ငွေ ကျပ်၃၆၀၀၀၀ ရရှိနိုင်ပါသည်။

တစ်လအတွင်း New Super Fantasy ကတ်၂၀၀၀ ဝယ်ယူရောင်းချလျှင် ဝင်ငွေ ကျပ် ၁၉၂၀၀၀ ရရှိနိုင်ပါသည်။

တစ်လအတွင်း New Super Fantasy ကတ်၁၀၀၀ ဝယ်ယူရောင်းချလျှင် ဝင်ငွေ ကျပ်၇၀၀၀၀ ရရှိနိုင်ပါသည်။

မွေးနေ့မင်္ဂလာဆုမွန်လွှာ

ဖေဖေ မေမေတို့ရဲ့ သားကောင်းရတနာ ရဲထွဋ်စိုး၏ ၂၇-၃-၂၀၀၄ ရက်တွင် ကျရောက်သော မွေးနေ့ ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် မိသားစုနှင့်အတူ ချမ်းမြေ့ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်စေကြောင်း ဆုမွန်ကောင်း တောင်းလျက်။

ဖေဖေ – ဒေါက်တာကျော်စိုး–**မေမေ** ဒေါ်ဆန်းဆန်း (မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး–ကန့်ဘလူမြို့)
မမကြီး – ဇင်မွန်မွန်ဦး
ညီမလေး – ခိုင်မွန်မွန်စိုး
ဘဘ – ဗိုလ်ကြီးကျော်ဇော် (လူမှုထူးချွန် တတိယဆင့်)–**အန်တီ** – ဒေါ်ဝင်းဝင်းငွေး
အန်တီ – မခင်မမစိုး (ဝိဟုန်အလှပြင်ဆိုင်)
အန်တီ – မသီတာ (မြန်မာ့စီးပွားရေးဘဏ်) ကျောက်တံခါး

ငွေရတုမင်္ဂလာ

မိသားစုအပေါ် တာဝန်ကျေပြီး ကြင်နာစွာချစ်တတ်တဲ့ ကျေးဇူးရှင် ပါပါ ဦးကြည်စိုး–နားလည်စွာချစ်လွန်းတဲ့ ကျေးဇူးရှင် မာမာ ဒေါ်ဘေဘီ(ခ) ဒေါ်မြင့်မြင့်သန်းတို့ရဲ့ ၂၇–၃–၂၀၀၄ မှာ ကျရောက်သော (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာမှသည် မင်္ဂလာရှိသောရတုများစွာတိုင် သား သမီး မြေးချစ် တို့နှင့်အတူ ပျော်ရွှင်ချမ်းမြေ့သောမိသားစုဘဝကို ထာဝရပိုင်ဆိုင်နိုင်ပါစေ။

သားကြီး–ကိုဇေယျာစိုး–မလဲ့လဲ့မင်း
သားငယ်–ကိုနေဇာစိုး BC.SC (Q)
မြေးချစ် –ဇေယျာနေမင်း

ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်မြင့် ၁၂/ဥကတ(နိုင်)၁၂၉၄၃၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် တောင်ဥက္ကလာပမြို့နယ် ၉ ရပ်ကွက် ကျော်သူလမ်းအမှတ် (၉၅၄/က) နှစ် ၆၀ ဂရန်မြေ ပေ၂၀xပေ၆၀၊ လိပ်စာပေါ်ရှိ တစ်ထပ်အိမ်တစ်လုံးကို ဝယ်ယူရန် စရန်ငွေပေးပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စအတွက် မည်သူမဆို ကန့်ကွက်လိုပါက တရားဝင် အထောက်အထားစာရွက်စာတမ်းများဖြင့် ဤကြော်ငြာသည့်နေ့မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ရုံးလိပ်စာ	**ဦးစိုးလွင်** (B.A., H.G.P.,R.L)
အမှတ် ၂၈၄/၂၈၆၊(ပ)ထပ်၊	တရားရုံးချုပ်ရှေ့နေ (၃၁၉၂)
ရွှေတိဂုံဘုရားလမ်း	အမှတ် (၃၄၁/က)၊ သုမင်္ဂလာလမ်း
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့	၉ ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်
ဖုန်း–၀၁–၂၈၃၇၇၀	အိမ်ဖုန်း–၀၁–၅၇၇၃၅၇

တောင်ကြီးမြို့နယ် အေးသာယာမြို့သစ်တွင် မြေကွက်ရရှိထားသူများသိစေရန် ကြေညာချက်

တောင်ကြီးမြို့နယ် အေးသာယာမြို့သစ်တွင် မြေကွက်ချထားခြင်းခံရသူများအနက် အချို့သည် မြေငှားဂရန်ထုတ်ယူပြီး၊ အချို့မှာ မြေငှားဂရန်ထုတ်ယူမှုမရှိသေးခြင်း၊ အချို့သည် ကျသင့်မြေခွန် ထမ်းဆောင်သော်လည်း အချို့မှာထမ်းဆောင်မှုမရှိခြင်း၊ အချို့သည် နေအိမ်ဆောက်လုပ် နေထိုင်သော်လည်း အချို့မှာ နေအိမ်ဆောက်လုပ်နေထိုင်မှုမရှိသေးခြင်း၊ မြေကွက်များ ပြုပြင်မှုမရှိခြင်းစသည်များရှိနေကြောင်း စိစစ်သိရှိရပါသည်။

အေးသာယာမြို့သစ် စတင်တည်ထောင်စဉ်က စည်ကားသိုက်မြိုက်လာစေရန် ရည်ရွယ်၍ တည်ထောင်ခဲ့ခြင်းဖြစ်သော်လည်း အထက်ပါအချက်များကြောင့် စည်ကားသိုက်မြိုက်မှု နှောင့်နှေးလျက်ရှိနေကြောင်း တွေ့ရှိရပါသည်။

ယင်းမြေကွက်များတွင် နေအိမ်ဆောက်လုပ်ခြင်းမပြုပါက စာရင်းမှ ပယ်ဖျက်မည်ဖြစ်ကြောင်း ၁၉၉၉ ခုနှစ် ဒီဇင်ဘာလက ကြေညာခဲ့ပြီးဖြစ်ပါသည်။

မြေကွက်ရရှိထားသူများအနေဖြင့် ယခုသတင်းစာပါသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း တောင်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ဆက်သွယ်၍ နေအိမ်ဆောက် လုပ်မည့်အခြေအနေကို အသိပေးရန်ဖြစ်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း မဆက်သွယ် ပါက ယင်းမြေကွက်များအား စာရင်းမှပယ်ဖျက်မည်ဖြစ်ကြောင်း ဒုတိယနှင့် နောက်ဆုံးအကြိမ် အသိပေး ကြေညာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
တောင်ကြီးမြို့။



ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဒေဗလုပ်ငန်းကြီးကြပ်မှုအောက်ရှိ မီးခြစ်စက်ရုံအတွက် အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
1.	Potassium Chlorate	23 MT
2.	Laetic Casein	5 MT
3.	Red Phosphorus	4 MT
4.	Hide Glue	2 MT

၂။ **တင်ဒါပိတ်မည့်ရက်/အချိန် –** ၅–၄–၂၀၀၄ မွန်းတည့် (၁၂:၀၀)နာရီ
၃။ သိရှိလိုသည့် အချက်များရှိပါက ရောင်းဝယ်ရေးဌာန၊ ဖုန်း–၅၄၃၃၆၅ သို့ ဆက်သွယ်နိုင်ပါသည်။

မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ယ/၇၅၆၁၈ မော်တော်ယာဉ်လက်ဝယ်ရှိသူက(ကမ–၃) မိတ္တူလျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုသူများသည် ၁၅ ရက်အတွင်း ကညန၊(ခရိုင်ရုံး)မြိတ်သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန(ခရိုင်ရုံး) မြိတ်၊တနင်္သာရီတိုင်း**

ပြင်ဆင်ဖတ်ရှုပါရန်

၂၄–၃–၂၀၀၄ရက် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ(၁၄)တွင် ပါရှိသော ဒေါ်ပိတောက်မိုးသိစေရန် ကြော်ငြာ အပိုဒ်–၂တွင်ပါရှိသော ဒေါ်အေးအေးသန်းထံမှအစား ဒေါ်အေးအေးသန်း ထံ၌ ဟု ပြင်ဆင်ဖတ်ရှုပါရန်။



အများသိစေရန်

ကျွန်တော် မောင်ငွေစိုး ၁၂/မဘန(နိုင်)၀၂၁၅၆၀ နှင့် မစိုးသူဇာငြိမ်း(ခ) လောင်ခမ်း ၁၃/တခလ(နိုင်)၀၃၅၀၁၇ တို့သည် ၂၃–၄–၂၀၀၃ ရက်မှစ၍ ထိမ်းမြားလက်ထပ်ခဲ့ပြီး အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ရာမှ ၁၅–၃–၂၀၀၄ ရက်တွင် မိမိဆန္ဒအလျောက် သမီးလေးနှင့် ပစ္စည်းများ ယူဆောင်ကာ အိမ်မှဆင်းသွားပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်၍ တာဝန်မယူပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မောင်ငွေစိုး
၁၂/မဘန(နိုင်)၀၂၁၅၆၀

ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား မူပိုင်ဖြစ်ကြောင်း သတိပေးကြေညာချက်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၁ လမ်းနှင့် ကျုံးကြီးလမ်းထောင့်၊ အမှတ် ၂၂၁/၂၂၃ နေ ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးစိုင်းအောင်ထွန်း ၁၃/တခလ(နိုင်)၀၃၉၂၁၂ သည် အောက်တွင်ဖော်ပြထားသော (၁) CUPID ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို မှတ်ပုံတင်စာချုပ်အမှတ် ၁၂၇၃/၂၀၀၄ ဖြင့်လည်းကောင်း၊ (၂) family ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို မှတ်ပုံတင်စာချုပ်အမှတ် ၁၂၇၄/၂၀၀၄ ဖြင့်လည်းကောင်း၊ (၃) ROMEO ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မှတ်ပုံတင်စာချုပ်အမှတ် ၁၂၇၅/၂၀၀၄ ဖြင့်လည်းကောင်း၊ (၄) Clean Sing ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မှတ်ပုံတင်စာချုပ်အမှတ် ၁၄၃၇/၂၀၀၄ ဖြင့်လည်းကောင်း မိမိတစ်ဦးတည်း မူပိုင်အဖြစ် တရားဝင်သုံးစွဲအသုံးပြုရန် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

အထက်ပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား "၄"မျိုးဖြင့် ကိုယ်တိုက်ဆပ်ပြာ၊ အမွှေးခဲ၊ ဆပ်ပြာကရင်၊ ဆပ်ပြာအဆီ၊ ဆပ်ပြာ အမှုန့်၊ ခေါင်းလျှော်ရည်၊ ခေါင်းလိမ်းဆီ၊ ပေါင်ဒါ၊ ရေမွှေး၊ သွားတိုက်ဆေး၊ ချွေးနံ့ပျောက်ဆေး အစရှိသော လူသုံးကုန်၊ အလှကုန်ပစ္စည်းအမျိုးမျိုးတို့ကို ထုတ်လုပ်သွားမည်ဖြစ်ပြီး အဆိုပါပစ္စည်းအမျိုးမျိုးကို ထည့်သွင်းအသုံးပြုသော ပုလင်း၊ ပလတ်စတစ်ဘူး၊ ပလတ်စတစ်အိတ်၊ စက္ကူပတ်၊ စက္ကူရွက်၊ စက္ကူဘူး၊ စက္ကူအိတ်၊ ပါဆယ်ထုပ်များနှင့် ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်းအစရှိသည်တို့အပေါ်တွင်လည်းကောင်း၊ အဆိုပါ ကုန်ပစ္စည်းများ အပေါ်တွင်လည်းကောင်း၊ အထက်ပါကုန်အမှတ်တံဆိပ်အမည် အမှတ်အသားတစ်ခုခုကို အရောင်အမျိုးမျိုး၊ အရွယ်အစား အမျိုးမျိုး ပြုလုပ်ပြီးလျှင် ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍၊ အသားတံဆိပ်ပြုလုပ်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စု မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

ထို့ပြင် အဆိုပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်၊ လက်ကမ်းကြော်ငြာစသည့် ကြော်ငြာအမျိုးမျိုး၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး အစရှိသည်တို့တွင်လည်း ဦးစိုင်းအောင်ထွန်းက တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဦးစိုင်းအောင်ထွန်းတစ်ဦးတည်းမူပိုင်အဖြစ်မှတ်ပုံတင်ထားသော အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသား (၄)မျိုးကို မည်သူမဆို သီးခြားတစ်မျိုးစီကိုလည်းကောင်း၊ ပူးတွဲ၍လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုလည်းကောင်း၊ ပုံတူကူး၍ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ထင်ယောင်ထင်မှား ဆင်တူယိုးမှား တုပပြုလုပ်သုံးစွဲသည်ကို တွေ့မြင်ကြားသိရပါက တရားမကြောင်းအရလည်းကောင်း၊ ပြစ်မှုကြောင်းအရလည်းကောင်း တရားစွဲဆို အရေးယူခံရမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးတင်ယု
(ဦးစိုင်းအောင်ထွန်း၏ တရားရုံးချုပ်ရှေ့နေ)
အမှတ် ၂၉၊ ၄–လွှာ၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့



ကျေးဇူးဆပ်ပါမည်

၂၄-၃-၂၀၀၄ ရက်နေ့ မြေနီကုန်း မပိုလမ်းထိပ်မှ ရွှေဘုံသာလမ်းသို့ Taxi ယာဉ်ဖြင့်အသွား ကားပေါ်တွင် ပိုက်ဆံအိတ်အသေးနှင့် မြဝတီဘဏ်စာအုပ်၊ Passport Japan Air Lineအသွား၊ အပြန်လက်မှတ် ကျန်ရစ်ခဲ့ပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။

ဆက်သွယ်ရန်လိပ်စာ–

ဒေါ်ညောင်ခန်ကျင်(ခ)နုခမ်း
အမှတ် ၂၅၊ မပိုလမ်း(မြေညီထပ်)၊
မြေနီကုန်း(မြောက်)ရပ်ကွက်၊
ဖုန်း–၇၂၂၄၃၄



အမည်ပြောင်း အဖ ဦးစိန်တင်၏သမီး မဖြူဖြူသင်း နိုင်ငံသားစိစစ်ရေးကတ် ၁၄/ဝခမ(နိုင်)၁၂၆၂၄၅အား မသီဂီထွန်းဟု ပြောင်းလဲခေါ်ပါရန်။ **မသီဂီထွန်း**

ကန့်ကွက်နိုင်ပါသည် ယာဉ်အမှတ် ယ/၄၂၈၈၇လက်ဝယ်ရှိသူက ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ယနေ့မှစ၍ ၁၅ရက်အတွင်း ကညန၊ခရိုင်ရုံး(ဟင်္သာတ) သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ခရိုင်ရုံး(ဟင်္သာတ)**

(၄)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ်၊ မုခ်ဦး၊ တံတိုင်း၊ ရဟန်းဒါယကာကြီး

ဦးခင်မောင်(ခ)အင်ချိန်ကျွမ်း

(မြသစ္စာပွဲရုံ)

စ/၄၉ (A) စိန်ပန်လမ်း၊ ဘုရင့်နောင်ပွဲရုံ

အနန္တ ကျေးဇူးရှင် ဖခင်ကြီး မိသားစုနှင့်အတူ ခွဲခွာသွားသည်မှာ ၂၇-၃-၂၀၀၄ ရက်တွင် (၄)နှစ် ပြည့်ခဲ့ပါပြီ။ ဖခင်ကြီး မိသားစုနှင့် အတူရှိနေစဉ်က ပျော်ရွှင်ကြည်နူးမှုတွေ ပြည့်စုံခဲ့သောနေ့များကို တစ်နေ့မှ မေ့မရပါ။ (၄)နှစ်အတွင်း မိသားစုက ရည်မှန်းပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှု အစုစုနှင့် ၂၇-၃-၂၀၀၄ ရက်တွင် လှည်းကူးမြို့ တံခွန်တိုင်ကျေးရွာရှိ နေမိန္ဒြဓမ္မအေးရိပ်စခန်းတွင် သံဃာတော်များ၊ သီလရှင်များနှင့် ယောဂီများကို ဆွမ်းကပ်လှူဒါန်းရသော ကောင်းမှုကုသိုလ် အစုစုကို အမျှပေးဝေပါသည်။

အနန္တ ကျေးဇူးရှင်ဖခင်ကြီး မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

ဇနီး – ဒေါ်အုန်းမေ(မြသစ္စာပွဲရုံ)
သား – ကိုထွန်းထွန်းဦး
သမီး – မမြတ်သဒ္ဒါစိုး(မိသားစု)

သားအဖြစ်မှစွန့်လွှတ်ခြင်း

ပဲခူးတိုင်း ပေါက်ခေါင်းမြို့ (၅)ရပ်ကွက်နေ ဦးဇော်မြင့်၏သား မောင်ဟန်ဝင်းဇော် ၇/ပခတ (နိုင်) ၀၄၇၂၅၈ သည် မိဘ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောအလျောက် ပြုမူ၍ နေအိမ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။

(မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)

ဦးဇော်မြင့်(ခ)ချိုလေး
၇/ပခတ (နိုင်)၀၀၅၃၃၀

အမြန်ဆက်သွယ်ပါရန်

အိမ်ငှားဖြစ်သူ ဦးဖေသန်းဝင်းသည် အိမ်ငှားစာချုပ် သက်တမ်း ၁၂-၁၂-၂၀၀၃ မှ ၁၂-၂-၂၀၀၄ တွင် သက်တမ်းပြည့်ပါသဖြင့် အခန်းကို သော့ခတ်ပြီးထားခဲ့သောကြောင့် အိမ်ရှင်နှင့် အမြန်ဆုံးဆက်သွယ်ဆောင်ရွက်ပါရန်။ **အမှတ်–၁၁/၁၄၆လမ်း၊ အရှိုးကုန်းရပ်ကွက်၊တာမွေမြို့နယ် ဦးတင်ညို ဖုန်း–၂၉၆၂၆၆**

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ရွှေပွင့် (လှိုင်လင်)

အသက်(၈၆)နှစ်

ဦးသန်းရွှေ (ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း၊ အမှတ် (၁) စက်မှုဝန်ကြီးဌာန)–ဒေါ်ခင်ဝင်းတို့၏ မိခင်သည် ၁၉-၃-၂၀၀၄ ရက်တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စီမံကိန်းညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစု
တစ်နေ့တန် (၂၀၀)ပျော့ဖတ်စက်ရုံစီမံကိန်း(သာပေါင်း)
မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း။

[illegible]

NPE NPE

[illegible]

[illegible]

ပျော်ရည်မျိုးစုံနှင့် JAM ၊ ဆော့ဂျယ်လီ ၊ ယို

ထုတ်လုပ်နည်းသင်တန်း

(4) (2-4-2004) မှ (7-4-2004) ထိ

(5) (23-4-2004) မှ (29-4-2004) ထိ

(8:30 - 12:00) - JAM, ယို (1:00 - 4:30)

[Cordial, Squash, Power Plus, C Plus, Energy Drink]

[illegible]

ဖုန်း 01-662129, 690264

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူပျောက်ဆုံးခြင်း

ယာဉ်အမှတ် ဘ/၁၈၆၆ မော်တော်ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူ ပျောက်ဆုံးလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကညန၊တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊(ရန်ကုန်တိုင်း)

ဦးတင့်လွင်
အသက်(၆၈)နှစ်

မိတ္ထီလာမြို့နေ ဦးသာကြူး-ဒေါ်တင့်တို့၏သား၊ အမှတ် ၁၄၈၊ ၄၈ လမ်းနေ ဒေါ်မြကျင်၏ခင်ပွန်း၊ မသီသီလွင်၊ မဌေးဌေးလွင်၊ မောင်ကျော်လွင်စိုးတို့၏ဖခင်သည် ၂၆-၃-၂၀၀၄ရက်(သောကြာနေ့) နံနက် ၈း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကိုကျော်ဇေယျ(ခ) ဖိုးကျော်
အသက်(၃၅)နှစ်

ရန်ကုန်မြို့၊ အမှတ် ၅၃၊ သန့်ဇင်လမ်း၊ကျိုက်ဝိုင်းဘုရားလမ်း၊(၃)ရပ်ကွက်၊ မရမ်းကုန်းနေ(ဦးမင်းကြည်)(လေယာဉ်မှူး၊ ငြိမ်း)-ဒေါ်နုနုဝင်းတို့၏သားငယ်၊ (ကိုဇော်မင်းကြည်)၊ကိုထွန်းဝင်း-မလှဲ့လှဲ့ကြည်၊ မထားထားကြည်တို့၏ မောင်၊ ကိုမောင်မောင်မြင့်-မနုထွေးကြည်တို့၏ အစ်ကို၊မောင်သီဟဇော်၊မောင်သူရိန်မင်း၊ မောင်ရဲမောင်မင်း၊ မောင်ခန့်မောင်မင်းတို့၏ဦးလေးသည် ၂၅-၃-၂၀၀၄ရက် (ကြာသပတေးနေ့) ည ၈ နာရီတွင် သန့်ဇင်လမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၀၄ရက် (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး ဒေါ်ခင်အေးမြင့် (ပန်းတနော်)
အသက်(၅၇)နှစ်

ပန်းတနော်မြို့နေ (ဦးဘချစ်-ဒေါ်အုန်းရှင်)တို့၏သမီး၊ (ဦးကျင်ရွှေ-ဒေါ်မမကြီး)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အနောက်ရန်ကင်း၊ တိုက်အမှတ် ၃၇၁၊ အခန်း အမှတ် ၁၉ နေ ဦးဝင်းမြင့်(ရေလုပ်ငန်း၊အငြိမ်းစား)၏ဇနီး၊ ဦးအိန္ဒစာရ(ခ)ဦးမြင့်ဦး၊ ဦးအေးလှိုင် - ဒေါ်အမာတင် (လဝက)တို့၏ညီမ/အစ်မ၊ ဒေါ်မာလာမြင့် (တနင်္သာရီ အပြည်ပြည်ဆိုင်ရာလီမိတက်)-ဦးထိန်ဝင်း၊ ဦးအောင်နိုင်မြင့်-ဒေါ်ဇင်မေဦး၊ ဒေါ်နီလာမြင့်-ဦးထင်ကျော် (Rothman of Pall Mall Myanmar)၊ ဒေါ်မေဖြူဖြူမြင့် (M.C.P.L Co, Ltd.)-ဦးလှိုင်ဝင်း(Star Shipping) တို့၏မိခင်၊မြေးသုံးယောက်တို့၏အဘွားသည် ၂၆-၃-၂၀၀၄ရက် (သောကြာနေ့)နံနက် ၀၀း၃၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

၁-၄-၂၀၀၄ရက်(ကြာသပတေးနေ့) တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ကိုဇော်မင်းဦး
Mariner Line (CDC - 36874)
အသက်(၃၂)နှစ်

သန်လျင်မြို့၊ အမှုထမ်းရပ်ကွက်၊ သမဝါယမကောလိပ်၊ လမ်းသွယ် ၄ နေ ဗိုလ်မှူးလှဌေး(ဆက်သွယ်ရေး)-ဒေါ်သန်းသန်းတင်တို့၏သား၊ မအေးမြတ်မြတ်မိုး၊ မတင်ဌေးဌေးလှိုင်တို့၏အစ်ကိုသည် ၂၆-၃-၂၀၀၄ရက် နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး ဒေါ်မြင့်(ခ)ဒေါ်စန်းမြင့် (မြောင်းမြ ထမင်းဆိုင်)
အသက်(၆၆)နှစ်

မြောင်းမြမြို့နေ (ဦးစံလှ-ဒေါ်ခင် ကြည်)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ် ၇၀၈ နေ ဦးကျော်(မြို့နယ်မန်နေဂျာ၊ပုလဲနှင့်ငါး-ငြိမ်း)၏ဇနီး၊ ဒုအရာခံဗိုလ်သိန်းထွန်း(လေ၊ငြိမ်း)-ဒေါ်တင်တင်ဝင်း၊ ဒုအရာခံဗိုလ်အေးသွင်-ဒေါ်ကြူကြူရှင်၊ဗိုလ်ကြီးစိုးမြင့်(ငြိမ်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)-ဒေါ်ခင်ဘုန်းနွယ်၊ ဦးသိန်းအောင်(ငါးလုပ်ငန်းဦးစီးဌာန)-ဒေါ်ခင်သန်းနွယ်၊ ဦးတင်အောင်မျိုး-ဒေါ်ခင်ဌေးဦး၊ ဦးမောင်မောင်-ဒေါ်ညွန့်ညွန့်၊ ဦးဆန်နီ-ဒေါ်သန်းထွေးတို့၏အစ်မကြီး၊ ဦးဘုန်းကျော်ဦး-ဒေါ်ခင်လှဲ့မူ၊ မမြမြအေး၊ ဦးစိုးနိုင်-ဒေါ်ဖြူဖြူခိုင်၊ ဦးကျော်ကျော်မိုး(F.M.I City)-ဒေါ်ခင်မိုးနွယ်၊ မရီစီလွင်တို့၏မိခင်၊ တူ တူမ ၂၀ ယောက်၊ မြေးလေးယောက်တို့၏ဘွားဘွားကြီးသည် ၂၄-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၂း၁၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

(ဦးမောင်လှ) ဈေးချို၏ဇနီး ဒေါ်ကြည်ကြည်(မန္တလေး)သည် ၂၂-၃-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းကြားသိရ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

မီလပ်(စ)စန်းမိသားစု။

ဒေါ်ရီရီခင်
အထက(၅)ဗိုလ်တထောင်(ငြိမ်း)
အသက်(၈၅)နှစ်

ရန်ကုန်မြို့နေ ဦးဖော်စတာ-ဒေါ်မယ်တို့၏သမီး၊ (ဦးဘစိုး-တရားရုံးချုပ်ရှေ့နေ၊ ရိုးမဘဏ် ဥပဒေအကြံပေး)၏ဇနီး၊ ဦးကြည်ဝင်း-ဒေါ်ခင်မြင့်၊ ဦးအေးလွင် (ဆလရ) - ဒေါ်သီတာအောင် (ဆလရ)၊ ဦးသိန်းစိုး(ဆလရ)-ဒေါ်ကျင်မို၊ ဦးမောင်မောင်အေး-ဒေါ်ခင်အေးမူ၊ ဦးသန့်ခင်-ဒေါ်ခင်မင်းရွှေ၊ ဦးသန်းထွဋ် (မန်နေဂျာ၊ ရိုးမဘဏ်ရုံးချုပ်)-ဒေါ်စန်းစန်းယု၊(မမ္ဘူ)(ဒု/မန်နေဂျာ၊ရိုးမဘဏ်၊ ရန်ကုန်)တို့၏မိခင်၊ မြေး ၁၃ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၂၄-၃-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိတ္ထီလာမြို့တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး ဒေါ်သန်းရင်
သာရဝေါ (ရွာကလေးရွာ)
အသက်(၈၆)နှစ်

သာရဝေါမြို့နေ ရွာကလေးရွာ(ဦးရွှေလွှား-ဒေါ်စန်းရေ)တို့၏သမီး၊ ဦးရွှေကြည်-ဒေါ်ငွေအိတို့၏သမီးချွေးမ၊အလုံမြို့နယ်၊ ကွင်းကျောင်းလမ်း၊ အမှတ် ၄၀ နေ ဦးတင်မြင့်-ဒေါ်ညွန့်ရီတို့၏ အဒေါ်၊ ရွှေပြည်သာမြို့၊ (၅/၇)ရပ်ကွက်၊ စိန်ပန်းလမ်း၊ အမှတ် ၈၂-ခ နေ(ဦးတင်ဦး)၏ဇနီး၊ (ဦးမြကြည်-ဒေါ်ခင်နု)၊ ဦးပွလေး-ဒေါ်ကြည်လေး၊ ဦးအောင်ကြည်-ဒေါ်ခင်မုန်း၊ဦးလှအောင်-ဒေါ်လှမြင့်၊ ဦးသန်းအေး-ဒေါ်ညွန့်ဌေး၊ ဦးပေါ်ဦး-ဒေါ်မြင့်ဆိုင်တို့၏မိခင်၊ မြေး ၂၄ ယောက်တို့၏အဘွားသည် ၂၆-၃-၂၀၀၄ရက် နံနက် ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈-၃-၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ ဇရပ်ဒါယကာကြီး ဦးသန်းညွှန့် (ရွှေပန်းထိမ်ဆရာကြီး) (ဟင်္သာတမြို့)
အသက်(၇၇)နှစ်

ဟင်္သာတမြို့၊ အမှတ် ၁၃၃၊ လမ်းမတော်လမ်းနေ (ဦးမောင်ရှိန်-ဒေါ်စောခ)တို့၏သား၊ (ဒေါ်နွဲ့ရီ)၊ ဒေါ်ခင်ထွေးတို့၏ခင်ပွန်း၊ ဦးသန်းဇော်-ဒေါ်စမ်းကြည်၊ ဒေါ်ခင်စန်းဝေ-ဦးသန်းဦး၊ မောင်မျိုးသူရစိုး၊ မောင်မျိုးသီဟစိုးတို့၏ဖခင်သည် ၂၅-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၀၄ရက် ညနေ ၃ နာရီတွင် တင်တိုးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

မစိုးမြတ်ဝတ်ရည်(ခ) မစောမြတ်ဝတ်ရည် (ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့)
အသက်(၂၉)နှစ်

ရမ်းဗြဲမြို့၊ သာယာကုန်းရပ်ကွက်နေ ဒေါ်အေးသွင်နှင့် ဒေါ်စိန်ပုတို့၏မြေး၊ ဦးသိန်းအောင် (အလကကျောင်းအုပ်၊ ငြိမ်း)-ဒေါ်ခင်ပု (မြတ်တိုး ရတနာလုပ်ငန်း)တို့၏သမီး၊ ကိုသိန်းစိုးမင်းအောင်(ခ)စိုးစိုး၏ညီမ၊ ကိုမင်းထင်အောင် - မဆွေဆွေခိုင် (ဂုဏ်မြင့်သူရတနာအရောင်တင်လုပ်ငန်း)တို့၏အစ်မ၊ စစ်ကိုင်းတိုင်း၊ ကောလင်းမြို့နေ (ဦးဘသက်)-ဒေါ်အေးရီ(စိုးစိုးပိုစတာ)တို့၏သမီးချွေးမ၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ မေတ္တာလမ်း၊ မီးသတ်တိုက်ခန်း၊အခန်း ၁၀၊ ပဒေသာလမ်းဆုံအနီးနေ ဦးမြင့်စိုး(စုံစမ်းရေးမှူး၊ အထူးစုံစမ်းစစ်ဆေးရေးဌာန)၏ဇနီး၊ မရွှန်းလဲ့ဝေ၏မိခင်သည် ၂၅-၃-၂၀၀၄ရက် ညနေ ၅း၄၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၀၄ရက် (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါ တောင်ဥက္ကလာပမြို့နယ် နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်တင်မြ (ဓနုဖြူ)
အသက်(၈၆)နှစ်

ဧရာဝတီတိုင်း၊ဓနုဖြူမြို့နေ(ဦးစိန်-ဒေါ်ကြည်)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဒေါ်အေးခင်)၊ [ဦးလှ(အပ်ချုပ်ဆိုင်)-ဒေါ်သောင်းမေ]တို့၏ညီမ၊ မန္တလေးမြို့နေ (ဦးဝ)-ဒေါ်ခင်ညွန့်၊ ရန်ကုန်မြို့နေ (ဦးငွေရ-ဒေါ်နီလေး)၊ ဦးဝင်းဆွေ-ဒေါ်ကျင်လှတို့၏အစ်မ၊ တူ တူမ ၂၀ ယောက်တို့၏ အဘွားသည် ၂၆-၃-၂၀၀၄ရက်(သောကြာနေ့)နံနက် ၂ နာရီတွင် အမှတ် ၁၃၇၊ ဇီဇဝါ ၁ လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် (ခန့်ငြား အပ်ချုပ်ဆိုင်)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အထက်ပါ နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
U Philip Din
B.A (English)
အသက်(၅၄)နှစ်

ရန်ကုန်မြို့နေ(ဦးမိုးဒင်-ဒေါ်နှင်းရင်)တို့၏သားကြီး၊ ဒေါ်အေးအေးမြင့်၏ခင်ပွန်း၊ REV ဦးကျော်ထွန်းလင်း-ဆရာမဒေါ်ကြည်ကြည်ဒင်(မြန်မာနိုင်ငံခရစ်ယာန်ဓမ္မတက္ကသိုလ်)၊U Rodney Mo Din (Mo Asia Co.,Ltd.)-ဒေါ်အေးအေးစိုးတို့၏အစ်ကိုကြီး၊ တူလေးယောက်တို့၏ဘကြီးသည် ၂၅-၃-၂၀၀၄ရက် ညနေ ၄း၃၀ နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၇-၃-၂၀၀၄ရက် (စနေနေ့)နံနက် ၁၁း၃၀ နာရီတွင် ရေဝေးအအေးတိုက်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ခင်
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ၁၈/၆ (ခ)၊ သီရိမင်္ဂလာလမ်းနေ(ဗိုလ်မှူးအောင်သိန်း-ဒေါ်ကျော့ရင်)တို့၏သမီးကြီး၊ (ဦးကံ၊ လက်ထောက်အင်ဂျင်နီယာ၊ မြန်မာ့မီးရထား)၏ဇနီး၊ ဦးတင်စိုး-ဒေါ်တင်တင်၊ ဦးကြည်မောင်-ဒေါ်တင်အေး၊ ဦးကြင်သိန်း-(ဒေါ်မြမြတာ)၊ ဗိုလ်မှူးစိုးညွှန့်(ငြိမ်း)-(ဒေါ်ဝင်းဝင်းမေ)တို့၏အစ်မ၊ ဦးအောင်မျိုးဝင်း-ဒေါ်ခင်ခင်ဌေးတို့၏မိခင်၊ မရီရီမြင့်၊ မောင်စည်သူ-မယမင်းလတ်တို့၏အဘွားသည် ၂၆-၃-၂၀၀၄ရက် (သောကြာနေ့) နံနက် ၁း၃၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ ဇရပ်ဒါယကာ ဦးသန်းအောင် (ကျိုက်ထို) (စာရေးဆရာ ကျိုက်ထီးရိုးသန်းအောင်) တရားရုံးချုပ်ရှေ့နေ စစ်ပြီးခေတ် ဟိုက်စကူးကျောင်းသားဟောင်း ရန်ကုန်ရှေ့နေအသင်းအမှုဆောင်လူကြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒိုင်လူကြီးဟောင်း
အသက်(၆၆)နှစ်

ကျိုက်ထိုမြို့၊ ဘိုရားကြီးရွာနေ (ဦးအောင်မြ-ဒေါ်စိန်မူ)တို့၏ သားလတ်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊ အရှေ့မြို့ပတ်လမ်း၊ အမှတ် ၄၅ နေ ဒေါ်မြစိန်(တိုင်း/ဆောက်-၁၂)၏ ခင်ပွန်း၊ ကိုစိုးရအောင်(SPA-PM Myanma Ltd.)-မတင်တင်၊ ကိုစိုးနိုင်-မနန်းခင်ခင်စန်း၊ မအေးမြတ်မွန်အောင်၊ ကိုစိုးခိုင်(ရန်ကင်းမြို့နယ် ရဲတပ်ဖွဲ့)၊ ကိုစိုးကျော်သန်း (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-မအေးဇင်ဦး၊ (ကိုစိုးကြည်သန်း)-မယမင်းဖြူတို့၏ဖခင်သည် ၂၅-၃-၂၀၀၄ရက် နံနက် ၈း၁၅ နာရီတွင် UHC အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးလှဖေ (သံတွဲ) ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန
အသက်(၆၂)နှစ်

အင်းစိန်မြို့နယ်၊ အမှတ် ၃၄၊ စပါယ်လမ်း၊ ထန်းပင်ကုန်းနေ (ဦးကျော်ဘ-ဒေါ်အုန်းတင်)တို့၏သား၊ ဒေါ်ပုစု၏ခင်ပွန်း၊ မစုလှလှကျော် (ဒု-နှစ်၊ စီးပွား)၏ဖခင်သည် ၂၅-၃-၂၀၀၄ရက် ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၀၄ရက်(စနေနေ့) နံနက် ၁၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးသန်းအောင် (လက်ထောက်မန်နေဂျာ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်)
အသက်(၅၀)

ယဉ်ကျေးမှုအိမ်ရာ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်နေ (ဦးသင်ချီအောင်)-ဒေါ်သန်းတင်တို့၏သား၊(ဦးကြည်-ဒေါ်ဖွားတာ)တို့၏သားသမက်၊ ဦးတင်အောင်-(စာရင်းစစ်၊မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)-ဒေါ်မြင့်မြင့်နွယ်တို့၏ညီ၊ (ဦးရဲမြင့်)-ဒေါ်တင်တင်ဝေတို့၏မောင်၊ ဒေါ်တင်မြိုင်ဝေ(ကြီးကြပ်ရေးမှူး၊မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ရုံးချုပ်)၊ (မောင်မောင်အောင်)တို့၏အစ်ကို၊ မနှင်းနုနုလွင်၏ဖခင်၊ ဒေါ်ခင်လေးတင့် (စာရင်းကိုင်၊ အနုပညာဦးစီးဌာန)၏ ခင်ပွန်းသည် ၂၆-၃-၂၀၀၄ရက် နံနက် ၈ နာရီတွင် ယင်းမာပင်မြို့နယ်တွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၀၄ရက်တွင် ယင်းမာပင်မြို့၌ သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

လူကင်တျှန်(ခ)ဦးပု (နဂါးနီ ပလတ်စတစ်ဆိုင်)
အသက်(၈၀)

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ် (၆)ရပ်ကွက်၊ ၂၁ လမ်း၊ အမှတ် ၁၁၄ (ပထမထပ်)နေ အင်တျှန်းဇုဲ(ခ)ဒေါ်ခင်ကြည်၏ခင်ပွန်း၊ ဦးထွန်းမြင့်-[ဒေါ်နေနား(ခ)ဒေါ်စန်းစန်းနွယ်]၊ ဦးကျော်မြင့်ထွန်း-ဒေါ်စန်းစန်း(S.B ပလတ်စတစ်အိတ်ဆိုင်)၊ ဦးအေးကို-ဒေါ်ခင်လေးဝင်း၊ ဦးတင်ဝင်း-ဒေါ်သင်းသင်းစု၊ (ဦးတင်ရွှေ)-ဒေါ်ခင်သီတာထွန်းတို့၏ ဖခင်၊ မြေး ၁၂ ယောက်တို့၏ အဘိုးသည် ၂၅-၃-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၇-၃-၂၀၀၄ရက် (စနေနေ့)နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

လင်ကျွီစိန်(ခ)လင်အာဖုန်
အသက်(၆၈)နှစ်

လသာမြို့နယ်၊(၅)ရပ်ကွက်၊အမှတ် ၄၇၊ ၂၁လမ်းနေ(ဒေါ်ရတ်ဟု)၏ခင်ပွန်း၊ အော်ကုလား၊ စော့တင်း(ခ)ကြာပေါ့၊ မမြင့်မြင့်စန်း(ခ)ဘောဘော၊ မသန်းရွှေ၊ လင်ကျင်းတိန်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၆-၃-၂၀၀၄ရက် နံနက် ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈-၃-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရားဒါယိကာမကြီး ဆရာမနှင်းအေးဝေ(ခ) ဒေါ်စန်းစန်းဝင်း
အသက်(၅၀)

မန္တလေးမြို့၊ မလွန်ဂျင်းတန်းရပ်နေ ဦးမြမောင်-ဒေါ်အုန်းတင်တို့၏ သမီး၊ မလင်းဝါဝါလင်း၊ဖိုးဦး(ခ)ဗိုလ်လောင်းအောင်အောင်ဦး (နောက်ဆုံးနှစ်၊ စစ်တက္ကသိုလ်)တို့၏မိခင်၊ လားရှိုးမြို့နေ ဦးကျော်လွင်-ဒေါ်လှလှ၊ မန္တလေးမြို့နေ ဦးဇော်ဝင်း-ဒေါ်မေနိုင်ဝင်း၊ (ဦးကိုကိုဝင်း)-ဒေါ်တာတာစန်း၊ လားရှိုးမြို့နေ (ဦးခင်မောင်အေး)-ဒေါ်ခင်ဝင်းကြည်တို့၏ညီမ၊ ရန်ကုန်မြို့နေ (ဦးကိုကိုလေး)-ဒေါ်ဝါဝါခင်၊ မန္တလေးမြို့နေ ဦးကျော်ကျော် - ဒေါ်လှဲ့လှဲ့ဝင်းတို့၏အစ်မသည် ၂၅-၃-၂၀၀၄ရက် ညနေ ၃ နာရီတွင် သဃ်န်းကျွန်း စံပြဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် သဃ်န်းကျွန်း စံပြဆေးရုံအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အမှတ် ၂/၂၂၊ ကံ့ကော်မြိုင်လမ်း၊ စုပေါင်းသုဝဏ္ဏ နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုအောင်နိုင်(ခ) ကိုကျော်နိုင်(ခ)ကိုဂျော်နီ LL.B စိန့်ဂျွန်းကျောင်းသားဟောင်း
အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်ဈေးတန်းလမ်း၊အမှတ် ၁၁၄/၁၁၈ နေ (ဦးချစ်ထွန်း-ဒေါ်မြသန်း)တို့၏သား၊ (ဦးစိုး-ဒေါ်စိန်ကျင်)တို့၏ သားသမက်၊ ဒေါ်ခင်စိန်၏တူ၊ (ကိုဝင်းနိုင်)-မမြင့်မြင့်ဆွေတို့၏ညီ/မောင်၊ ကိုဇော်လေးထွန်း-မကြူကြူဆွေတို့၏အစ်ကို၊ (ဗိုလ်ကြီးစန်းမြင့်) - ဒေါ်ယဉ်ယဉ်အေး၊ ဒေါက်တာမောင်မောင်ဦး-ဒေါ်အေးအေးမူ၊ ဦးသန်းစိုး-ဒေါ်စန်းစန်းမူ(အရှေ့ဦးကွန်ပျူတာ၊ လွှတ္တလမ်း)တို့၏ညီ/မောင်၊ မအိဆွေမွန်(X B၊ အထက-၃၊ ဒဂုံ)၊ မောင်အောင်ဟိန်းထွန်း(TTC၊ ကမာရွတ်)တို့၏ဦးလေး၊ မောင်ဟိန်းထက်အောင်(VIII A၊ အထက-၃၊ ဒဂုံ)၊ မဆုသက်အောင်(V A၊ အထက-၃၊ ဒဂုံ)တို့၏ဖခင်၊ မတင်တင်အေး၏ခင်ပွန်းသည် ၂၄-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁း၅၀ နာရီတွင် သျှင်ပါကူ အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၃၀-၃-၂၀၀၄ရက်(အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ **R. 488**

တပ်မတော်၏မြင့်မြတ်သောဂုဏ်ဒြပ် ဖော်ထုတ်ညွှန်းဆိုအပ်သည့်ပြပွဲ

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မတ် ၂၆

မြန်မာ့တပ်မတော်သည် သမိုင်းတစ်လျှောက်တွင် အမျိုးသားရေးအကျိုးစီးပွားကို ဦးလည်မသုန် ကြိုးပမ်းထမ်းဆောင်ခဲ့ပြီး အနာဂတ်တွင်လည်း ထိုအစဉ်အလာကောင်းများကို ဆက်လက်သယ်ဆောင်နေမည့်တပ်မတော်ဖြစ်သည်။ သမိုင်းအစဉ်အလာကောင်းခဲ့သော

စာမျက်နှာ ၁၁ ကော်လံ ၁ ✲

နိုင်ငံတော် ဦးတည်ချက် (၁၂)ရပ် ပြခန်းခင်းကျင်းပြသရေးလုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး(၂)ဗိုလ်မှူးစိုးမြင့်သိန်းက မြန်မာ့အလင်းသို့ ရှင်းပြစဉ်။

ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

(၅၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြု

တပ်မတော်၏ အတိတ် ပစ္စုပ္ပန် အနာဂတ်

အတိတ်

အမျိုးဘာသာ သာသနာရေး
လွတ်လပ်ရေး အချုပ်အခြာ
ဦးဆောင်ကာ အမျိုးသားရေး
အသက်ပေးလှူကာ၊
လွတ်လပ်၍ မတင်မကြာ
အစည်းပြေကာ ရောင်စုံပြား
မြို့သာယာ ရွာစည်ကားဖို့
တပ်မတော် မနေမနား
နှစ်ရှည်လများ။

ပစ္စုပ္ပန်

အမျိုးသား ညီညွတ်ရေး
ဆွေးနွေးလို့ အောင်မြင်ရာ
ရာနှုန်းမှာ ပြည့်လုနီး
ခရီးမကွာ၊
တည်ငြိမ်သည့် ကဏ္ဍဖြာဖြာ
မြို့ပြည်ရွာ နယ်စွန်ဖျား
ဦးဆောင်ကာ သွေးချင်းသား
ဖွံ့ဖြိုးသာ မကွာခြား
ပြည်ထောင်စုတစ်လွှား။

အနာဂတ်

အမျိုးသား နိုင်ငံရေး
ချင့်တွေးလို့ စဉ်းစားကာ
ဦးဆောင်ပါ တစ်ရွက်တစ်ထမ်း
ရွက်ထမ်းဝင်ပါ၊
တပ်မတော် အစဉ်အလာ
မရှောင်သာ တစ်ကန့်တစ်ခန်း
ကျေပွန်စွာ ပါဝင်ထမ်း
ဦးဆောင်မှုအခန်း။

ကျော်စောဟန်

(၅၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြု

သံလွင်မြစ်ကိုအောင်နိုင်ခြင်း(သို့မဟုတ်)မြန်မာနိုင်ငံ၏မဟာတံတားကြီး

သံလွင်တံတား(မော်လမြိုင်)သံပေါင်ချိတ်ဆက်ပြီး၍ရွှေမှုလီတပ်ဆင်

သတင်းဆောင်းပါးနှင့်ဓာတ်ပုံမှတ်တမ်း-ရန်ကင်းစိုးမင်း

မတ် ၂၆ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို သံလွင်တံတား(မော်လမြိုင်)တည်ဆောက်ရေးစီမံကိန်း၏ အပြီးသတ် ရွှေမှုလီကိုတပ်ဆင်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးစဉ်။ (သတင်းအကျယ်-၁၂)

(ဓာတ်ပုံမှတ်တမ်း-ရန်ကင်းစိုးမင်း)

ရန်ကုန် မတ် ၂၆

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် နိုင်ငံတော်က ကွန်ရက်သဖွယ် တံတားကြီး၊ တံတားငယ်ပေါင်း မြောက်မြားစွာ တည်ဆောက်လာခဲ့ရာ မြန်မာ

စာမျက်နှာ ၁၃ ကော်လံ ၁ ✡

တပ်မတော်နေ့ဂုဏ်ပြု အချပ်ပိုလေးမျက်နှာပါရှိ

ယနေ့ထုတ် သတင်းစာတွင် (၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု အထူးထုတ်ရောင်စုံအချပ်ပိုလေးမျက်နှာ ပူးတွဲပါရှိပါသည်။

ယနေ့ထုတ်စောင်ရေ ၂၀၀၈၆၉

သံလွင်တံတား (မော်လမြိုင်)

မတ် ၂၀ ရက်က မြန်မာနိုင်ငံတွင် အရှည်ဆုံး၊ အကြီးဆုံးနှင့် တန်ဖိုးအရှိဆုံး တံတားဖြစ်သည့် သံလွင်တံတား (မော်လမြိုင်) သံပေါင်အပြီးသတ် ချိတ်ဆက်တပ်ဆင်အပြီး တွေ့ရစဉ်။

(ဓာတ်ပုံမှတ်တမ်း-ရန်ကင်းစိုးမင်း)